# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၇၃)


### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက် ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

## တပ်မတော်နဲ့ ပြည်သူ တစ်သွေးတည်း တစ်သားတည်း ကြည်ဖြူစွာလက်တွဲခဲ့

ဒို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးကာလမှာ ဒို့တပ်မတော်ဟာ ရဟန်းရှင်လူ ပြည်သူအားလုံးနဲ့ လက်တွဲပြီး ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးခဲ့တာဖြစ်တယ်။ ပြည်သူဟာလည်း တပ်မတော်၊ တပ်မတော်ဟာလည်း ပြည်သူအဖြစ် တစ်သွေးတည်း၊ တစ်သားတည်း ကြည်ဖြူစွာလက်တွဲခဲ့ကြတယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရွှေလီရေအားလျှပ်စစ်စီမံကိန်း ရေယူ ဥမင်လိုဏ် အပြင်ဘက်ပိုင်း ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# လျှပ်စစ်ဓာတ်အားစီမံကိန်းများ တိုးချဲ့အကောင်အထည်ဖော်ရေး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ထား

# ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်နှင့်ဒေသအတွက် အရေးပါသောစီမံကိန်းဖြစ်

# စီမံကိန်းဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံကောင်းများအခြေခံပြီး ကြိုးစားတည်ဆောက်

**ရန်ကုန် မတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၁၈ ရက် ညနေပိုင်းတွင် လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါး သုတေသနစိုက်ခင်းသို့ ရောက်ရှိရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆင်းရွှေလီ အထူးအထွက်တိုးစပါးတစ်စေ့မှ ပင်ပွားများထွက်ရှိမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၂ ရက်)

# မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့် လက်တွဲကြိုးပမ်းဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့်သာ သက်ဆိုင်သည့် ပြဿနာရပ် မဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းနှင့် ဆက်နွှယ်နေသော ပြဿနာဖြစ်သည်။ အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု အခြေအနေသည် နိုင်ငံတိုင်း ရင်ဆိုင်ဖြေရှင်းနေရသည့် လူမှုရေး ပြဿနာပင် ဖြစ်သည်။

မူးယစ်ဆေးဝါးသည် နိုင်ငံတော်၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် ခိုင်မာမြင့်မြတ်သည့် လူမှုရေး စံနှုန်းများကို ထိခိုက်နစ်နာစေသည့်အပြင် နိုင်ငံသားများကိုသာမက ကမ္ဘာ့လူသားအားလုံးကိုပါ ခြိမ်းခြောက်နေသည့် အန္တရာယ်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်အဖြစ် ခံယူပြီး ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်၊ သုံးစွဲမှုပြဿနာများကို စဉ်ဆက်မပြတ်ဖြေရှင်းခဲ့ရာ ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှု တစ်နှစ်ထက် တစ်နှစ် လျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒ ပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဉ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲကို မတ်လ ၁၉ရက်နေ့က လားရှိုးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

**“မြန်မာနိုင်ငံသည် မိမိအမျိုးသားအကျိုးစီးပွား၊ ကမ္ဘာ့လူသားမျိုးနွယ်စုအားလုံး၏ အကျိုး စီးပွားကို သယ်ပိုးဆောင်ရွက်သည့်နေရာ၌ တာဝန်သိသိ၊ မတွန့်မဆုတ် အကောင်အထည် ဖော်သည့် အစဉ်အလာကောင်းရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ဤကဲ့သို့ ဆောင်ရွက်သည့် နေရာ၌ လည်း ပြည်ပမှ အထောက်အကူရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မည်သို့ ဆန့်ကျင်ဝေဖန် စွပ်စွဲ နေသည်ဖြစ်စေ ရည်မှန်းချက် အောင်မြင်အောင် ဦးလည်မသုန် ဆောင်ရွက်လေ့ရှိသည့် အစဉ်အလာ ကောင်းများရှိကြောင်း၊ ဤအစဉ်အလာကောင်းများကြောင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းတွင် အောင်မြင်မှုရရှိနေခြင်းဖြစ်ကြောင်း”**

ပြောကြားသွားသည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းရာ၌ နိုင်ငံတော်၏ ဦးဆောင်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသား ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ရှားမှုအရှိန်အဟုန် မြင့်တင်ပြီး စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့ သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းကင်းမဲ့ဇုန်အဖြစ် ၁၉၉၇ခုနှစ် ဧပြီလ၌ ကြေညာနိုင်သကဲ့သို့ ကိုးကန့်ဒေသ၌လည်း ၂၀၀၃ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းနိုင်ခဲ့သည်။ ထို့အတူ အခြား တိုင်းရင်းသားနယ်မြေများ၌လည်း ၎င်းတို့၏နယ်မြေဒေသများကို ဘိန်းကင်းမဲ့ဇုန်၊ ဘိန်းကင်းမဲ့ ဒေသဖြစ်လာစေရန် စိတ်ဓာတ်ထက်သန်စွာဖြင့် ကြိုးပမ်းလျက်ရှိကြသည်။

ယင်းကဲ့သို့ ကြိုးပမ်းရာတွင် ကိုယ်ပိုင်အရင်းအနှီးနှင့် အင်အားကို အဓိကအခြေပြု ဆောင်ရွက်ခဲ့ရ သည်။ မြန်မာနိုင်ငံ၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ (၁၈)ကြိမ်နှင့် နယ်စပ်ဒေသနှင့် အခြားမြို့များ၌ (၃၃)ကြိမ် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ထို့အပြင် ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက် တောင်သူများက ဒေသဆိုင်ရာအာဏာပိုင်များထံ ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို အသိစိတ်ဓာတ်ဖြင့် အပ်နှံခဲ့ကြရာ အပ်နှံသည့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို (၁၁)ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးများ ပပျောက်ရေး အတွက် တိုင်းရင်းသားပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူပြီး နိုင်ငံတော်နှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးများ ကင်းစင်ပပျောက်သွားမည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မလက္ကာရေလက်ကြား လုံခြုံဘေးကင်းစေရန် ပြင်ပနိုင်ငံများနှင့် မလေးရှား ပူးပေါင်းဆောင်ရွက်လို

ကွာလာလမ်ပူ မတ် ၁၉

**မလက္ကာရေလက်ကြားတွင် လုံခြုံဘေးကင်းစေရန် အာဆီယံဒေသ ပြင်ပ နိုင်ငံများနှင့် မိမိနိုင်ငံ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း မလေးရှား နိုင်ငံခြားရေး ဝန်ကြီး ဆီယက်ဒ်ဟာမစ်အယ်လ်ဘာက သောကြာနေ့၌ ပြော ကြားလိုက်သည်။**

အာဆီယံဒေသ ပြင်ပနိုင်ငံများသည် အကယ်၍ ဆန္ဒရှိလျှင် ၎င်းတို့ အနေဖြင့် တစ်စုံတစ်ရာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ ၎င်းတို့သည် မိမိတို့နှင့် ဆွေးနွေးရဖို့ရှိကြောင်း ကွာလာလမ်ပူ၌ နှစ်ရက်ကြာ ကျင်းပသည့် အာဆီယံဦးဆောင်မှုဖိုရမ် အပြီးပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

အာဆီယံအတွင်းရေးမှူးရုံးအဖွဲ့နှင့်မလေးရှားအခြေစိုက် အာရှမဟာဗျူဟာနှင့်ဦးဆောင်မှုဌာနတို့က စီစဉ်ကျင်းပသည့် ယင်းဖိုရမ်သို့အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဒေသတွင်းရှိပင်လယ်ပြင်ပိုင်ဆိုင်သော နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပေါင်းစည်းမှု အခြေခံများအပေါ် ထိုသို့ ပူးပေါင်းဆောင်ရွက်မှုအား လုပ်ဆောင်သင့်ကြောင်း ၎င်းက ပြောကြားသည်။

မကြာသေးမီသီတင်းပတ်များအတွင်း၌ ရေလက်ကြားအတွင်း ပင်လယ်ဓားပြမှု သုံးမှုဖြစ်ပေါ်ခဲ့ရာ မတ် ၁၄ရက်၌ ဂျပန်နိုင်ငံပိုင် ဆွဲသင်္ဘောကို ပင်လယ်ဓားပြတိုက်ပြီး ဂျပန်ရေယာဉ်မှူး၊ အင်ဂျင်နီယာချုပ်နှင့် ဖိလစ်ပိုင်လူမျိုး အင်ဂျင်နီယာ တစ်ဦးတို့အား ပြန်ပေးဆွဲသွားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်မှီခိုနေမည့်အစား အရှေ့တောင်အာရှနိုင်ငံများ ကုန်ထုတ်စွမ်းအားမြင့်မားရေး လုပ်ဆောင်သင့်

ကွာလာလမ်ပူ မတ် ၁၉

**အရှေ့တောင်အာရှနိုင်ငံများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မှီခိုနေခြင်းထက် ယင်းတို့၏ ယှဉ်ပြိုင် ကုန်ထုတ်စွမ်းအားများကို မြင့်မားစေရန်လုပ်ဆောင်သင့်ကြောင်း မလေးရှားဝန်ကြီးတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုကဏ္ဍ တိုးတက်ရေးအတွက် အဓိက အကြောင်းအရင်းဖြစ်ကြောင်း၊ အခြား အချက်များမှာ ဒေသဆိုင်ရာ နည်းပညာများနှင့် စက်မှုအလုပ်သမားများ ပေါများခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်ဘာက ပြောကြားသည်။

အာဆီယံဦးဆောင်မှု ဖိုရမ်ကို ကွာလာလမ်ပူ၌ နှစ်ရက်ကြာ ကျင်းပစဉ် မလေးရှားဝန်ကြီးက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ယင်းဖိုရမ်ကို အာဆီယံအတွင်းရေးမှူးရုံးနှင့် မလေးရှားအခြေစိုက် အာရှမဟာဗျူဟာနှင့် ဦးဆောင်မှုဌာနတို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာသင်များ တက်ရောက်ကြသည်။

ဒေသတွင်း ၁၀ နိုင်ငံ အုပ်စု အာဆီယံကို ၁၉၆၇ခုနှစ်က ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ထူထောင်ခဲ့ကြောင်း၊ အရှေ့တောင် အာရှနိုင်ငံများသည် စက်မှုဗျူဟာသစ် တစ်ရပ်ကို ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟာမစ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဝန်ထမ်း ၁၅၀၀ ဘီဘီစီ လျှော့ချမည်

**လန်ဒန် မတ် ၁၉**

ဘီဘီစီသတင်းဌာနသည် သုံးနှစ်တာ ကာလအတွက်ပေါင်သန်း ၂၀၀(အမေရိကန်ဒေါ်လာ၃၈၄ဒသမ၇သန်း) ကို ကာမိစေရန် သတင်းနှင့် အခြားအစီအစဉ် ဝန်ထမ်း ၁၅၀၀ လျှော့ချမည်ဖြစ်ကြောင်း သောကြာနေ့က သတင်းကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

မိမိတို့သည် အထက်ပါငွေကြေးကို ကာမိစေရန်အလို့ငှာ ကြေညာချက်တစ်ရပ်ကို တနင်္လာနေ့တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အခြား အလုပ်များလည်းလျှော့ချခဲ့ကြောင်း အဆိုပါ အသံလွှင့်ဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် တစ်ဦးက ပြောကြားသည်။

ယင်းသို့ လျှော့ချမည့်စာရင်းတွင် သတင်း၊ ပြဇာတ်၊ တေးဂီတ ဖျော်ဖြေရေး၊ ကလေးများနှင့် ရေဒီယိုကဏ္ဍအပါအဝင် ဘီဘီစီ အစီအစဉ် ထုတ်လုပ်ရေးဌာနများ အားလုံးပါဝင်မည် ဖြစ်ကြောင်း ၎င်းပုဂ္ဂိုလ်က ဆက်လက် ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## မြဝတီ ရုပ်မြင်သံကြား

**၂၂-၃-၂၀၀၅**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **“မမှောင်သောအလင်း”** (အပိုင်း–၆)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမြွာနဲ့ ကြမ္မာ”**(အပိုင်း–၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပညာဉာဏ်ကြီး ဘုန်းမီးနေလ”** (အပိုင်း–၂၇)

လျှပ်စစ်ဓာတ်အားထုတ်ယူရရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ပြည့်စုံက လျှပ်စစ်မီးပေးရေးဆိုင်ရာ ကိစ္စများကိုဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေး၊ လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် လိုအပ်သည်များကိုမှာကြားပြီး ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကောက်ကွေ့ချောင်းရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ဟူးမွန်ရေသောက်ဧက ၈၄၃ဧကကို မိုးစပါး၊ နွေစပါး ရာသီမရွေးအပြည့်အဝ စိုက်ပျိုးနိုင်ရန် ရေလုံလောက်စွာ ပေးသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် လားရှိုးမြို့လူထုသောက်သုံးရေ ပိုမိုရရှိရေးကို အထောက်အကူပြုသွားမည်ဖြစ်သည်။

ကောက်ကွေ့ချောင်းရေလှောင်တမံကို အလျားပေ ၁၀၈၀၊ အမြင့် ၁၁၆ပေရှိ မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ တမံမှ လျှပ်စစ်ဓာတ်အားကီလိုဝပ် ၁၀၀လည်း ထုတ်ယူရရှိမည်ဖြစ်သည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး သုတေသနစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုကြစဉ်။**
(သတင်းစဉ်)

● ရှေ့ဖုံးမှ

## ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အရည်အသွေးကောင်းမွန်သည့် စပါးနှင့်ဆန်ရရှိရေးအတွက် ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တစ်ဧက တင်း၃၀၀ စံပြစိုက်ခင်း နှစ်ဧက စိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ဆင်းရွှေလီအထူးအထွက်တိုးစိုက်ခင်း တစ်ဧကတင်း၂၀၀စိုက်ကွင်းသို့ ရောက်ရှိကြရာ ရေးဦးစွာ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသ ဆန်ဖူလုံရေး နှစ်အလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင် ဒေသဆန်ဖူလုံမှု ၁၀၃ရာခိုင်နှုန်းအထိ ရရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က စပါးတစ်ဧကတင်း ၂၀၀ အဆင့်မြင့်စံပြကွက်များကို ၂၀၀၃–၂၀၀၄ နွေစပါးစိုက်ပျိုးရာသီမှစ၍ မူဆယ်၊ နမ့်ခမ်းမြို့နယ်များ၌ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရခဲ့ပါကြောင်း၊ ၂၀၀၄–၂၀၀၅ မိုးစပါးစိုက်ပျိုးရာသီတွင် ပြည်နယ်တစ်ခုလုံး၌ ဧက၃၈၀အထိ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခဲ့ပါကြောင်း၊ မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု တောင်သူ ဦးငင်းတိမ်၏လယ်မြေ၌ တစ်ဧက ပျမ်းမျှ၂၂၂တင်းအထိ အမြင့်ဆုံးထွက်ရှိခဲ့ကြောင်း၊ ယခု နွေစပါးစိုက်ပျိုးရာသီတွင် တစ်ဧကတင်း၂၀၀ အဆင့်မြင့်စံပြကွက် ဧက၉၂၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ လားရှိုးတစ်ခရိုင်လုံး တစ်ဧကတင်း ၂၀၀ထွက်ရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က နွေစပါးတစ်ဧက တင်း၂၀၀ စိုက်ကွင်း၏ အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆင်းရွှေလီ အထူးအထွက်တိုး တစ်ဧကတင်း၂၀၀စိုက်ကွင်းနှင့် အရည်အသွေးကောင်း ဆင်းရွှေလီမွှေး (ဆန်မွှေး)စိုက်ကွင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ အထူးအထွက်တိုး ဆင်းရွှေလီ နေကြာမျိုးသန့်စိုက်ခင်း နှင့် နေကြာဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီး ကောက်ကွေ့ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကောက်ကွေ့ချောင်းရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြရာ ရေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တမံတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကောက်ကွေ့ချောင်း ရေလှောင် တမံမှရေဖြင့် ဟူးမွန်ရေလှောင်တမံသို့ ရေကူပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ကောက်ကွေ့ချောင်း ရေလှောင် တမံမှရေဖြင့် မြို့သောက်သုံးရေအပြင်



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ရွှေလီရေအားလျှပ်စစ်စီမံကိန်း ရေယူဥမင်လိုဏ်သို့ဆက်သွယ်သည့် ဥမင်လိုဏ်ရှေ့တွင် စီမံကိန်းမှ တာဝန်ရှိသူများ၊ တရုတ်ပညာရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟူးမွန်ရေလှောင်တမံသို့ရောက်ရှိစစ်ဆေးကြပြီး တမံအတွင်း တီလားဗီးယားနှင့် ရွှေဝါငါးကြင်းသားပေါက်များကို ထည့်သွင်းပေးကြသည်။

ထိုမှတစ်ဆင့် ဒေသခံတပ်ရင်း၏ ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး နွေစပါး ငါးဧက စံပြစိုက်ခင်းသို့ရောက်ရှိကြရာ ဒေသခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက စပါးခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နွေစပါးငါးဧက စံပြစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုများနှင့် မြေဆီဩဇာကျွေးနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၁၉ရက် နံနက် ၇နာရီခွဲတွင် လားရှိုးမြို့ ပြည်ထောင်စုလမ်းမကြီးရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

***စာမျက်နှာ ၄ ကော်လံ ၁***

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လားရှိုးမြို့နယ် ကောက်ကွေ့ချောင်းရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

အစီအစဉ်အရ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ပြည့်စုံတို့က အသင်းရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အသင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တတိယထပ်ရှိ ခန်းမဆောင်၌ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကိုကျင်းပရာ ပြည်နယ်အသင်း အလုပ်အမှုဆောင် ဒေါက်တာနန်းစိုးစိုးအောင်က အသင်းရုံးအဆောက်အအုံသစ် တည်ဆောက်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကျေးက အသင်းရုံး အဆောက်အအုံသစ် တည်ဆောက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အသင်းရုံးတွင် အသုံးပြုရန် ကွန်ပျူတာနှင့် ရုပ်မြင်သံကြားစက်တို့ကို ပြည်နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်းနှင့် အလုပ်အမှုဆောင် ဦးစိုင်းအောင်ပွင့်တို့အား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ပြည့်စုံထံ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကျေးက ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆောက်အအုံအတွက် လှူဒါန်းငွေများကို ပေးအပ်သည်။

ထို့နောက် ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ဆက်အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ် ၁၉ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့မှ နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရွှေလီရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေများနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လှိုင်က လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

## ရွှေလီတံတား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီး မိုင်တိုင် အမှတ်(၃၁၀/၃)ရှိ ဟင်လုံရွာမှ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ဆက်သွယ်သည့် ကားလမ်းအခြေအနေနှင့် ရွှေလီတံတား(နမ့်ခမ်း)အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အညီ လျှပ်စစ်သုံးစွဲမှုလည်း တိုးမြင့်လာလျက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်လာသည်မှာ မှန်သော်လည်း ပြည့်စုံဖူလုံမှု မရှိသေးကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်ပြီး လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

## ကြိုးကြိုးစားစားတည်ဆောက်

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည်လည်း နိုင်ငံတော်အတွက်၊ ဒေသအတွက် အရေးပါသော စီမံကိန်းဖြစ်ရာ စီမံကိန်းဝန်ထမ်းများအပိုင်းကလည်း မိမိတို့၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကောင်းများကို အခြေခံ၍ ကြိုးကြိုးစားစား တည်ဆောက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Imp/ Exp Co.,Ltd. မှ Chairman of BOD နှင့် President Mr. Feng Ke နှင့် ရေအားလျှပ်စစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လှိုင်တို့အား အမှတ်တရသစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ စီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

ယင်းနောက် မော်တော်ယာဉ်များဖြင့် လုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ရေယူဥမင်လိုဏ်အဝင် ဖောက်လုပ်မည့်နေရာကိုလည်းကောင်း၊ ရေလွှဲဥမင်လိုဏ်အဝင်ဘက်ပိုင်း ဖောက်လုပ်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယူဥမင်လိုဏ်သို့ ဆက်သွယ်သည့် ဥမင်လိုဏ်တစ်ခု ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဥမင်လိုဏ်ရှေ့တွင် စီမံကိန်းမှတာဝန်ရှိသူများ၊ တရုတ်ပညာရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ရေလွှဲဥမင်လိုဏ်အထွက်ပိုင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။

ပြည်ထောင်စုလမ်းမကြီးမှ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ဆက်သွယ်သည့် ၂၅ မိုင် ၇ ဖာလုံရှည် ကျောက်ခင်းလမ်းကို အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က ဖောက်လုပ်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇွန်လတွင် ပြီးစီးခဲ့သည်။

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုဖွင့်လှစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ကို တွေ့ရစဉ်။** (သတင်းစဉ်)

## မဂ္ဂါဝပ် ၄၀၀ ထုတ်ယူမည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း

- ❒ ပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားလာသည်နှင့်အညီ လျှပ်စစ်သုံးစွဲမှုလည်း တိုးမြင့်လာ၊
- ❒ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တိုးတက်လာသော်လည်း ပြည့်စုံဖူလုံမှု မရှိသေး။
- ❒ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်ပြီး လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး စီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်နေ၊
- ❒ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်အတွက်၊ ဒေသအတွက် အရေးပါသော စီမံကိန်းဖြစ်၊
- ❒ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိမည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသည့် မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်း မိုင်တိုင် (၃၀၆/၆)ရှိ ရွှေလီတံတား (နမ့်ခမ်း)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည်။ အဆိုပါတံတားမှာ ပေ ၆၀၀ ရှည်မည်ဖြစ်ပြီး ဘေလီကြိုးတံတား+သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့သို့ ပြန်လည်ထွက်ခွာ၍ တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ မတ် ၁၉ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မတ် ၁၈ ရက် ညနေပိုင်းတွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် မတ် ၁၈ ရက် ညနေပိုင်းတွင် လားရှိုးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး သင်ကြားရေးနှင့် ကျောင်းစည်းကမ်းထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## ဖွင့်လှစ်ပေး

**မတ်၁၉ရက်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အသင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်း–ရွှေ့ဖုံး) (သတင်းစဉ်)

# တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံ

ရန်ကုန် မတ် ၂၁

**၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် တတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အလှူငွေနှင့်ပစ္စည်းများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။**

အခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အစီအစဉ်အရ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ်၁၀သိန်း တန်ဖိုးရှိ ငါးသေတ္တာဘူး ၅၀၀၀၊ Marine Fishery Product (2000) ကုမ္ပဏီမှ ငွေကျပ်သိန်း၂၀ တန်ဖိုးရှိ ငါးသေတ္တာဘူး ၁၀၀၀၀၊ သာကေတမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိမလဗုဒ္ဓိက ငွေကျပ်၂၂၅၀၀၀ တန်ဖိုးရှိ ဆန်၂၅အိတ်၊ ဦးဥတ္တမသီရိက ငွေကျပ်သုံးသိန်း၊ ဦးတေဇဝုဓကေ အမေရိကန်ဒေါ်လာ ၁၀၀၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၉၀၀၀၀ တန်ဖိုးရှိ တပ်မတော်နေ့ပို့စကတ် ၃၀၀၀၊ Mobile Link Co., Ltd. က ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က လေးသိန်း၊ ဦးအုံးကြွယ်–ဒေါ်ခင်စန်းရီနှင့်ညီအစ်ကိုများက သုံးသိန်း၊ IDEAကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း၂၀ တန်ဖိုးရှိ နီယွန် Light Box တစ်ခု၊ ဦးခင်မောင်လေး Shalgrilaleap International Co., Ltd. က ငွေကျပ်၁၂သိန်းတန်ဖိုးရှိ မျက်နှာသစ်ဆပ်ပြာခရင်မ် အထုပ် ၇၅၀၀၊ မြန်မာရွှေရင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ကျပ် ၈၅၀၀၀၀တန်ဖိုးရှိ အမ်ဒီ(၈)အမျိုးအစား လက်ကိုင်ခန္ဓာကိုယ်ရှာဖွေရေး ကိရိယာလေးစုံ၊ စိန်တံဆိပ်မိသားစုက ငွေကျပ်၄၅၀၀၀၀ တန်ဖိုးရှိ ဆင်တုံးမနွယ် အစာကြေဆေးဘူး၃၀၀၀နှင့် ငွေကျပ်၂၂၅၀၀၀တန်ဖိုးရှိ ပိုစတာ ၅၀၀၊ ဦးမောင်ရွှေ(ဂိုအင်ကာမိသားစု ဗန္ဓုလကုမ္ပဏီ)က ၅၀၀၀၀၁ကျပ်၊ ကန်တော်ကြီးတာဝါမှ ပီဂျီအက်စ် သောက်ရေသန့် ကုမ္ပဏီက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ပီဂျီအက်စ် သောက်ရေသန့်ဗူးများ၊ Eagle Garden စားသောက်ဆိုင်မိသားစု ဝေဇယန္တာလမ်း၊ နန်းထိုက်တော်ဝင်စားသောက်ဆိုင်(၁)နှင့်(၂)၊ ပတ္တမြားရောင်ခြည် ကုမ္ပဏီလီမိတက်၊ ဂရိတ်နိုင်းကျောက်မျက်ကုမ္ပဏီနှင့် ဦးအောင်ဇော်ဝင်း (ရှိုင်းဆောက်လုပ်ရေး)မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးကြူမိသားစုက ငွေကျပ် ၄၅၀၀၀၀တန်ဖိုးရှိ မတ်ပဲနှင့် ပဲတီစိမ်းအိတ်၂၀၊ ဦးမျိုးမင်းမောင် (United Contineutal Trading Ltd)က ငွေကျပ် လေးသိန်းတန်ဖိုးရှိ Freshening Towelများ၊ ဦးမြင့်နိုင် ငပလီ ဆောက်လုပ်ရေးကုမ္ပဏီနှင့် ရွှေမြယာ အဆင့်မြင့်အိမ်ရာစီမံကိန်းက ငွေကျပ် သုံးသိန်း၊ ဟာဂျီဦးသန်းမောင်(စန်းသော်တာ စာရေးကိရိယာရောင်းဝယ်ရေး) က ငွေကျပ် ၅၀၀၀၀ နှင့် ငွေကျပ် ၁၇၅၀၀၀ တန်ဖိုးရှိ အိတ်ဆောင် စာအုပ် ၅၀၀၀၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ပိန္နဲကုန်း ဂျာမေဗလီနှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ငွေကျပ် နှစ်သိန်းစီ၊ သီရိသုခမ္မမဏိဇောတဓရေ သမားတော်ကြီးဦးဘိုကြီး–သီရိသုခမ္မသိင်္ဂီဒေါ်သန်းသန်း(ပြည်လုံးချမ်းသာဆေးတိုက်)က ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိဆန်အိတ် ၂၀၊ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်နှစ်သိန်း၊ ဆန်းကိုကို ကုမ္ပဏီက ငွေကျပ် ၁၅၇၅၀၀တန်ဖိုးရှိ ဆန်းကိုကိုဘီစကစ် ၃၅ထုပ်၊ ဒေါက်တာဒေါ်သင်းနွယ်ဝင်း (ရှိုင်ရယ်ရူဘီကုမ္ပဏီ)က ငွေကျပ် ၁၀၀၇၀၀တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ၊ ဦးခင်အောင် (အောင်ရတနာကုမ္ပဏီ)က ငွေကျပ် ၁၁၀၀၀၀၊ ဦးမောင်ဖြူ (ရွှေနဂါးရွှေသန့်စင်လုပ်ငန်း)၊ ကိုတင်လှ၊ ကိုလတ် (ခ) KL (ထွန်းမူလီရောင်းဝယ်ရေး)၊ ရွှေပုံလွှားသယ်ယူပို့ဆောင်ရေးအဖွဲ့၊ ရိုးမဘဏ်လီမိတက်၊ ဦးလှရွှေ–ဒေါ်ခင်ဌေးဌေးမိသားစုနှင့် ဦးဝင်းကျော်–ဒေါ်ခင်မြမိသားစု (ရွှေမုရင်းမွေးမြူရေးလုပ်ငန်း)တို့က ငွေကျပ် တစ်သိန်းစီ၊ (ဦးနန်းဦး)– ဒေါ်စိန်စိန် (Golden Key)အားသစ်နှင့် ဂိုးဒင်းစတားဖျော်ရည်စုံလုပ်ငန်းက ငွေကျပ် ၁၀၆၀၆၀၊ ဦးအောင်ရွှေစော–ဒေါ်နွဲ့နွဲ့ဝင်း မိသားစုနှင့် ဦးအောင်သူ (နေညီနောင်ကုမ္ပဏီ)တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးတင်ငွေ– ဒေါ်နီလာမွန်၊ သား မင်းဇော်ဦးမိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးကျော်တင့်(အောင်ချမ်းသာအိမ်ဆောက် သံထည်ပစ္စည်းနှင့် ဟင်ဂလန်မျိုးစုံ ရောင်းဝယ်ရေး)က ငွေကျပ်၂၀၀၀၀၊ ဦးဝင်းမြင့် (ဒုကြီးကြပ်ရေးမှူး၊ ငြိမ်း၊ စက်မှုစားကုန်)က ငွေကျပ်၁၅၀၀၀၊ ဦးကျော်ငြိမ်း–ဒေါ်အေးအေးတင့် မိသားစုက ငွေကျပ်၂၀၀၀၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေး ဗဟိုအဖွဲ့ချုပ်က ငွေကျပ်၅၁၁၀၀၊ ဦးဘနီ (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ်)က ငွေကျပ်၂၅၀၀၀၊ ဦးခင်အောင်–ဒေါ်ခင်မြင့်သူ (မြို့တွင်းခရီးသည်ပို့ဆောင်ရေး၊ လှိုင်သာယာ) မိသားစုက ငွေကျပ်၅၀၀၀၀၊ ဦးရှန်လွန်း ဟိုပင်မြို့ ကချင်ပြည်နယ်၊ ဦးမျိုးအောင်နှင့် ဦးကျော်တင့်တို့က ငွေကျပ် ၁၀၀၀၀စီ၊ ဒေါ်ခင်စန်းထွေး (ပန်ဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၊ ဟာဂျီဦးမင်းလွင်(မင်္ဂလာတောင်ညွန့်မြို့နယ်)က ငွေကျပ်၃၀၀၀၀၊ ဦးအောင်သီဟ(ရတနာဒီပ ကုမ္ပဏီ)က ငွေကျပ် ၂၅၀၀၀၊ (ဒုတိယဗိုလ်မှူးကြီးမောင်ထွေး)–ဒေါ်တင်မြင့်မိသားစုက ငွေကျပ် ၂၀၀၀၀၊ ဦးမြင့်ထွန်း (M.D အငယ်လေး အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီ)က ငွေကျပ် တစ်သိန်းနှင့် ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)(M.D. ဝိသုကံ ထရေးဒင်းကုမ္ပဏီ)က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ နှစ် (၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက်အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော နှစ်(၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများအတွက် တတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင် ၅၇ဦးတို့က ငွေကျပ် ၇၀၄၃၁၆၁နှင့် ပစ္စည်းတန်ဖိုး ၁၀၀၁၂၂၀၀အပါအဝင် စုစုပေါင်း ငွေကျပ် ၁၇၀၅၅၃၆၁နှင့် အမေရိကန်ဒေါ်လာ ၁၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနား အပြီးတွင် နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ပြပွဲ ခင်းကျင်းပြသရန် စီစဉ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် တာဝန်ရှိသူများက ပြပွဲခန်းမအတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညနေ၄နာရီခွဲတွင် တပ်မတော်ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



**မတ်၁၉ရက်က နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အသင်းရုံးတွင်အသုံးပြုရန် ကွန်ပျူတာတစ်စုံ၊ ပရင်တာတစ်စုံနှင့် ရုပ်မြင်သံကြားစက်တစ်လုံးကို ပြည်နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်းနှင့် အလုပ်အမှုဆောင် ဦးစိုင်းအောင်ပွင့်တို့အား ပေးအပ်စဉ်။**

(သတင်း–ရွှေ့ဖုံး) (သတင်းစဉ်)

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် စေတနာရှင်အလှူရှင်များက နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် တတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေများကိုလက်ခံစဉ်။**

(သတင်းစဉ်)

❒ ***ကျောဖုံးမှ***

## တက်ရောက်

အဆိုပါ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက်၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**လက်မှတ်ရေးထိုး**

**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဦးကြည်တင့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမြတ်မြတ်အုန်းခင်နှင့်အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၀တို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၉၈ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

### ရှင်းလင်းပြောကြား

ထို့နောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်ဦးမျိုးသန့်(မောင်ဆုရှင်)က အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများကိုချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က စတင်ပြီး ပြန်လည်ကျင်းပလာခဲ့ရာ၌ ၂၀၀၅ခုနှစ် မတ် ၃ ရက်တွင် ဥပဒေပြုရေးအခန်း၌ပါဝင်သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းနောက် ၂၀၀၅ခုနှစ် မတ် ၇ ရက်နှင့် ၈ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းတွင်ပါဝင်သည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

**အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။** (သတင်းစဉ်)

ယင်းရှင်းလင်းပြောကြားချက်များကို လေ့လာပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များသည် မိမိတို့ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ပွင့်ပွင့်လင်းလင်း အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး မိမိတို့၏ အကြံပြုစာတမ်းများကို ပြုစုတင်ပြခဲ့ကြကြောင်း။

### အရေးကြီးသောအကြံပြုချက်များ

ယခုဆိုလျှင် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးသည် မိမိတို့၏ အကြံပြုစာတမ်းများကို ဤစုံညီအစည်းအဝေးကြီး၌ စတင် ဖတ်ကြားတင်ပြတော့မည်ဖြစ်ကြောင်း၊ ယင်းစာတမ်းများ၌ပါဝင်မည့် အကြံပြုတင်ပြချက်များသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းများတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန်နှင့် စပ်လျဉ်းပြီး အရေးကြီးသော အကြံပြုချက်များ ပါရှိမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ်များအားလုံးက စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားကြရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးကဖတ်ကြားတင်ပြသည်။

***စာမျက်နှာ ၇ ကော်လံ ၃***

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။** (သတင်းစဉ်)

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခင်က ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးမောင်ပိန်(ခ) ဦးခင်မောင်သိဏ်းက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၁နာရီ၃၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ်၂၂ရက် နံနက်၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

**လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲက လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

**တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခင်က ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးမောင်ပိန် (ခ) ဦးခင်မောင်သိဏ်းက မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီးဦးကျော်သူ ဦးဆောင်သောလေ့လာရေးအဖွဲ့ လားရှိုးမြို့နှင့် မူဆယ်မြို့များသို့ လေ့လာရေးခရီးသွားရောက်ခဲ့

ရန်ကုန် မတ် ၂၁

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phobe A. Gomez နှင့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းရုံးများမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ မတ် ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့်ထွက်ခွာရာ လားရှိုးလေဆိပ်သို့ နံနက်၁၀နာရီခွဲတွင် ရောက်ရှိကြသည်။**

ဒုတိယဝန်ကြီး ဦးဆောင်သော လေ့လာရေးအဖွဲ့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဒေသဆိုင်ရာ တိုင်းရင်းသား ခေါင်းဆောင်များက ရိုးရာယဉ်ကျေးမှုအကများဖြင့် လေဆိပ်တွင် လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် လားရှိုးမြို့ တိလောကဝိဇယဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။ ထို့နောက် ရေကန်တောင် ရေပေးဝေရေးနယ်မြေသို့ သွားရောက်ကြရာ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းက လားရှိုးမြို့နေ ပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ လားရှိုးမြို့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်သို့ သွားရောက်ကြည်ညိုကြပြီး မြို့မဈေးကြီးကို လေ့လာကြည့်ရှုကြသည်။ ညနေပိုင်းတွင် လားရှိုးမြို့ ရေပူစမ်းအပန်းဖြေစခန်းသို့ သွားရောက်လေ့လာအပန်းဖြေကြသည်။

**မီးရှို့ဖျက်ဆီး**

လေ့လာရေးအဖွဲ့သည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မူးယစ်ဆေးဝါးများကို ကိုယ်တိုင်ပါဝင်မီးရှို့ဖျက်ဆီးကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် လားရှိုးမြို့မှ မူဆယ်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မိုင်းယု ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးလှမော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆို၍ တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မူဆယ်မြို့သို့ ညနေ ၄နာရီခွဲတွင် ရောက်ရှိကြပြီး မူဆယ်မြို့ကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် မတ် ၂၀ရက်နံနက်ပိုင်းတွင် မြန်မာ–တရုတ်နယ်ခြား နန်းတော်ဂိတ် (ကြယ်–၁) ဝင်/ထွက်ဂိတ်နှင့်ရွှေနန်းတော်ခရီးသွားစင်တာ ပြခန်းတို့ကို သွားရောက်လေ့လာ ကြည့်ရှုကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြကာ မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လားရှိုးလေဆိပ်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော လေ့လာရေးအဖွဲ့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် စစ်ဘက်နယ်ဘက် အရာရှိကြီးများ၊ ဒေသဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်စကြာဆရာတော် တရားချီးမြှင့်မည်

**ရန်ကုန် မတ် ၂၁**

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၂၆၊ ၂၇၊ ၂၈ ရက်ညများတွင် အိမ်မဲမြို့ နယ်ကမန်းတံခွန်တိုင်ကျေးရွာ ၂၉၊ ၃၀နှင့်၃၁ရက်ညများတွင် အိမ်မဲမြို့နယ် ကန်စုကျေးရွာ၊ ဧပြီ ၁ရက်ညတွင်မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်၊ ၂ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း၊ ၃ရက်ညတွင် ကမာရွတ်မြို့နယ်(၅)ရပ်ကွက် ဆင်မလိုက် အုန်းတော ဆရာစံလမ်းမကြီး၊ ၄၊ ၅နှင့် ၆ ရက်ညများတွင်ကန်ကြီးထောင့်မြို့နယ် ညောင်ကုန်း ကျေးရွာအုပ်စု သာယာကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ၇၊ ၈နှင့် ၉ ရက် ညများတွင် သာပေါင်းမြို့နယ် တကူပုံကျေးရွာ ဓမ္မပါလကျောင်းတို့တွင် နိဗ္ဗာန်လမ်းပြတရားတော်များဟောကြားတော်မူမည်ဟု သိရသည်။ **(က–ပ)**

# သစ္စာဒီပကဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့ သစ္စာဒီပက ဓမ္မရိပ်သာကြီး၏ အကြိမ်(၆၀)မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားစခန်းပွဲကြီးကို မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါကျင့်စဉ်မှန်ဖြင့် ကျေးဇူးရှင်ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ဝိုင်း မြင်သာ (၁၅)ရပ်ကွက် ၁လမ်း သစ္စာဒီပက ဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဣန္ဒောဘာသက ဟောပြောပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၀ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် မတ်၃၁ရက် နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(က–ပ)**

# ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်



နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်ဖြင့် ရခိုင်၊ တနင်္သာရီဒေသတို့ကို လည်းကောင်း၊ ၁၈၅၂ခုနှစ်တွင် ဒုတိယကျူးကျော်စစ်ဖြင့် ရန်ကုန်မြို့အပါအဝင် အောက်မြန်မာပြည် ပဲခူးနယ်ကိုလည်းကောင်း၊ ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်ဖြင့် မန္တလေးရတနာပုံနေပြည်တော်အပါအဝင် အထက်မြန်မာပြည်ကို လည်းကောင်း ကျူးကျော်တိုက်ခိုက်ပြီး လုယက် သိမ်းယူခဲ့သည်။

**မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးသည် ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၉ရက်၊ မြန်မာသက္ကရာဇ် ၁၂၄၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ ညနေ ၃နာရီတွင် ဆုံးပါးခဲ့ရသည်။ တတိယမြန်မာနိုင်ငံတော်ဖြစ်သော ကုန်းဘောင်ခေတ်သည် ကျွန်အဖြစ်ဖြင့် နှံ့နစ်ခဲ့ရပြီ။ ရတနာပုံ၏ဆိပ်ကမ်းဖြစ်သော ဂေါဝိန်ဆိပ်သည် ကျိတ်၍ရှိုက်သော ငိုရှိုက်သံများ၊ လက်သီးကိုဆုပ်အံကိုကြိတ်၍နေရသော နာကြည်းမှုများက လွှမ်းခြုံလျက်ရှိသည်။ ဂေါဝိန်ဆိပ်ကမ်းရေပြင်သည် နေဝင်ဆည်းဆာရောင်ဖြင့် လိမ္မော်ရောင်သန်းလျက်ရှိသည်။ ဂေါဝိန်ဆိပ်ရေပြင်သည်လည်း လှိုင်းဂယက်များဖြင့် အရှင်နှစ်ပါးကို လက်ပြနှုတ်ဆက်လျက်ရှိသည်။ ဝန်းကျင်တစ်ခုလုံးတွင် နာကြည်းခြင်း၊ ကြေကွဲခြင်း၊ လွမ်းဆွတ်ခြင်းဟူသော ဝေဒနာများဖြင့် ဂေါဝိန်ဆိပ်အတွင်းသို့ စီးဆင်းလျက်ရှိသည်။**

**နယ်ချဲ့အင်္ဂလိပ်တို့ အကောက်ခွန်မပေးဘဲ မြန်မာနိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများ တင်သွင်းလာမှုကို ကန့်ကွက်ပြီး ဒဏ်ငွေတပ်ရိုက်ခဲ့သည့် ကုန်းဘောင်ခေတ် ရန်ကုန်မြို့ဝန်နှင့်အဖွဲ့ကို ဤသို့ တွေ့ရသည်။**

ယင်းမြင်ကွင်းပုံရိပ်မှ အတိတ်ကိုလှေ့လာပါက နယ်ချဲ့အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက်ရှိ မြေသယံဇာတ၊ ရေသယံဇာတများကို လက်ဝါးကြီးအုပ်ခြယ်လှယ် စိုးမိုးရေးအတွက် အဓမ္မကျူးကျော်စစ်ဖြင့် ဝင်ရောက်ကျူးကျော်သိမ်းယူရန် ၁၈၂၄ ခုနှစ်တွင် စတင်ပြင်ဆင်လာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အရှေ့အိန္ဒိယ ကုမ္ပဏီခွဲတစ်ခုအား ၁၆၄၇ ခုနှစ်တွင် သာလွန်မင်းတရားကြီးက ဘင်္ဂလားဒေသများကို မြန်မာတို့က ကျူးကျော်တိုက်ခိုက်လာသဖြင့် ကာကွယ်ရခြင်းဖြစ်သည်ဟူ၍ လိမ်လည် ကြေညာပြီး မြန်မာနိုင်ငံအား ၁၈၂၄ခုနှစ် မတ်လ ၅ရက်နေ့တွင် ကျူးကျော်တိုက်ခိုက်ခဲ့သည်။

အလားတူပင် ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ် ဧပြီလတွင် နယ်ချဲ့အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံအား ဒုတိယအကြိမ်ကျူးကျော် တိုက်ခိုက်ပြီး ရန်ကုန်မြို့ အပါအဝင် အောက်မြန်မာပြည် ပဲခူးနယ်အထိ သိမ်းယူခဲ့ပြန်သည်။ အကြောင်းပြချက်မှာ နယ်ချဲ့အင်္ဂလိပ်အစိုးရပိုင် မီးသင်္ဘောမှ သင်္ဘောကပ္ပတိန်လူဝစ်(စ်) (Lewis)နှင့် ရှက်ပက်(ဒ်) (Sheppard)တို့က အကောက်ခွန် မပေးဘဲ မြန်မာနိုင်ငံအတွင်း ကုန်ပစ္စည်းများ တင်သွင်းလာသဖြင့် ရန်ကုန်မြို့ဝန်က ဒဏ်ငွေတပ် တောင်းဆိုသည်ကို မတရား တောင်းဆိုသည်ဟု စွပ်စွဲခဲ့သည်။

ယင်းအပြင် မော်လမြိုင်မြို့နေ ဗြိတိသျှနယ်ချဲ့လက်အောက်ခံ ဂျေမာမက်ဆိုသူ အိန္ဒိယလူမျိုးတစ်ဦးက အင်္ဂလိပ်လက်အောက်ခံလူပေါင်း ၄၀ ကို မြန်မာတို့က သတ်ဖြတ်နေသည်ဟူသော လိမ်လည်တိုင်တန်းစာတစ်စောင်ရေးပြီး အိန္ဒိယဘုရင်ခံချုပ်ထံ ပေးပို့ခဲ့ပြန်သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ယင်းအခြေအနေများကို အမြတ်ထုတ်အသုံးချအကြောင်းပြပြီး မြန်မာနိုင်ငံအား ဒုတိယကျူးကျော်စစ်ဖြင့်တိုက်ခိုက်ခဲ့ရာ ပုသိမ်၊ ရန်ကုန်၊ ပဲခူး၊ တောင်ငူနှင့် ပြည်မြို့တို့ကို အဓမ္မလုယက်သိမ်းယူခဲ့သည်။

**နယ်ချဲ့အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံအား ယင်းတို့၏ ကိုလိုနီထမ်းပိုးအောက်သို့ သိမ်းယူပြီးနောက်ပိုင်းတွင် မြန်မာပြည်သူတစ်ရပ်လုံးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဘက်ပေါင်းစုံ ဖိနှိပ်ချုပ်ချယ်မှုများကို ကျူးလွန်ခဲ့သည်။ နိုင်ငံရေးအရ နယ်ချဲ့ဆန့်ကျင်ရေး အာဇာနည်သူရဲကောင်းများနှင့် နယ်ချဲ့ဆန့်ကျင်ရေး သမားများကို ပြင်းပြင်းထန်ထန် နှိမ်နင်းသကဲ့သို့၊ ဖမ်းဆီးမိပါကလည်း အစုလိုက်အပြုံလိုက် ခေါင်းဖြတ်သတ်ပြီး လူမြင်ကွင်းတွင် ဖြတ်ထားသော ခေါင်းများကိုပြ၍ မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို ခြိမ်းခြောက်ဟန့်တားချေမှုန်းရန် ကြိုးပမ်းလုပ်ကြံခဲ့သည်မှာ နယ်ချဲ့အင်္ဂလိပ်တို့၏ လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုပင်ဖြစ်သည်။**

ထို့အတူပင် မြန်မာတိုင်းရင်းသား အချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှုကို ဖြိုခွဲသော၊

ဆိုရလျှင် ရေနံအပြင် ပတ္တမြားနှင့် အဖိုး...
ကျောက်မျက်ရတနာလုပ်ငန်းသည်လည်း မြ...
စီးပွားရေးအတွက် အချက်အချာကျခဲ့...
အလျောက် နယ်ချဲ့အင်္ဂလိပ်အရင်းရှင်အစိုး...
မြန်မာနိုင်ငံကို သိမ်းယူခဲ့ပြီးနောက် တွင်း...
ရတနာများအား ခေတ်မီနည်းစနစ်များဖြင့် တူ...
ခဲ့သည့်အတွက် ၁၉၁၉ ခုနှစ်တွင် ပတ္တမြား တွ...
ရရှိခဲ့သည့် တန်ဖိုးမှာ ရေနံ၏ ၁၆ပုံ တစ်ပုံဖြစ်ခဲ့...
၁၉၁၄ ခုနှစ်တွင် နမ္မတူ ဘော်တွင်းမှ အဖြိုက်...
တန်ချိန် ၂၃၀၀ တူးဖော်ရယူခဲ့သည်။ ...
ကာလက မြန်မာနိုင်ငံ၏ ခဲမဖြူအထွက်နှုန်း...
လည်း ကမ္ဘာတွင် နံပါတ်(၅)နေရာ၌ ရှိခဲ့...
အဖိုးတန်တွင်းထွက် ကျောက်မျက်ရတနာပ...
များ ဤမျှထွက်ရှိခဲ့သော်လည်း မြန်မာတိုင်းရင်း...
ပြည်သူများသည် အကျိုးခံစားခွင့် မရရှိ...
ဆင်းရဲတွင်းနက်အောက်၌ အောက်တန်း အက...

# တပ်မတော်မရှိ၍ အမိမဲ့သား ရေနည်းငါးပမာဖြစ်ခဲ့ရသော နိုင်ငံတော်

ကြယ်ဖြူ...

သန်လျင်မြို့၌ ဖွင့်ခွင့်ပြုခဲ့ပြီး အလောင်းမင်းတရားကြီး လက်ထက်တွင် ပုသိမ်မြို့အနီးရှိ ဟိုင်းကြီးကျွန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်စေခဲ့သည်။

သို့သော်လည်း နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အရှေ့အိန္ဒိယကုမ္ပဏီသည် ရိုးသားစွာကုန်စည် ကူးသန်းရောင်းဝယ်မှုမပြုဘဲတိုင်းရင်းသားအချင်းချင်းအထင်အမြင်လွဲမှားစေရန် သပ်လျှိုသွေးခွဲခြင်းနှင့်အတူ တိုင်းရင်းသားအချို့အား လက်နက်နှင့် ငွေကြေးများ ထောက်ပံ့ပေး၍ အချင်းချင်းတိုက်ခိုက်စေခြင်းဖြင့် နယ်ချဲ့ဇာတိသရုပ်ကို ထုတ်ဖော်ပြသလာခဲ့သည်။ ယင်းအခြေအနေများအရ အလောင်းမင်းတရားကြီးက ဟိုင်းကြီးကျွန်းရှိ အရှေ့အိန္ဒိယကုမ္ပဏီကို ဖျက်သိမ်းစေခဲ့သည်။

ယင်းနောက် ဘိုးတော်ဘုရားလက်ထက်တွင် အရှေ့အိန္ဒိယကုမ္ပဏီက ဟိုင်းကြီးကျွန်းအား ငှားရမ်းရန် ကမ်းလှမ်းလာခဲ့ရာ အလောင်းမင်းတရားကြီး လက်ထက်က ဖြစ်ပျက်ခဲ့သော အရှေ့အိန္ဒိယကုမ္ပဏီ၏ မရိုးသားသော အပြုအမူများ၊ လုပ်ကြံမှုများအရ ပယ်ချခဲ့သည်။ ဤတွင် နယ်ချဲ့ အင်္ဂလိပ်အစိုးရ၏ အိန္ဒိယဘုရင်ခံချုပ်က ဗြိတိသျှပိုင် အာသံ၊ မဏိပူရ၊ ပဲခူး၊ တောင်ငူနှင့် ပြည်မြို့တို့ကို အဓမ္မလုယက် သိမ်းယူခဲ့သည်။

ယင်းနောက် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့၏ ဘုံဘေဘားမားကုမ္ပဏီမှ ကိုယ်စားလှယ်များသည် နှစ်နှစ်အတွင်း သစ်လုံးရေ ၈၀၀၀၀ ထုတ်ယူသွားခဲ့သော်လည်းသစ်လုံးရေ ၃၀၀၀၀သာ ထုတ်ယူသည်ဟူ၍ လိမ်လည်စာရင်းပြပြီး သစ်လုံးရေ ၅၀၀၀၀ကို ခိုးယူခဲ့သဖြင့် မြန်မာမင်းက ယင်းကုမ္ပဏီကို ဒဏ်ငွေပေးဆောင်စေရန် အပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဘုံဘေဘားမား ကုမ္ပဏီက အမိန့်မနာခံသဖြင့် မြန်မာတို့ဘက်မှ ကုမ္ပဏီပိုင် ဆင်များနှင့်တကွ ပစ္စည်းဘဏ္ဍာများကို ဥပဒေ စည်းကမ်းနှင့်အညီ သိမ်းယူခဲ့ရာ ကုမ္ပဏီက အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်ကြားခဲ့သည်။ အိန္ဒိယဘုရင်ခံချုပ်က အရေးပိုင်တစ်ဦးကို စေလွှတ်၍ အရေးပိုင်တစ်ဦးတည်းဖြင့် အမှုကို ခုံရုံးတင် ဆုံးဖြတ်ရန်မြန်မာအစိုးရထံ တစ်ချက်လွှတ် အမိန့်ပေးအကြောင်းကြားခဲ့သည်။ မြန်မာတို့ဘက်မှ အိန္ဒိယဘုရင်ခံချုပ်၏ အမိန့်ပေးမှုသည် တရားနည်းလမ်းမကျသဖြင့် မြန်မာ–အင်္ဂလိပ် နှစ်နိုင်ငံတို့၏ မဟာမိတ်နိုင်ငံ တစ်နိုင်ငံက ခုံရုံးတင် ဆုံးဖြတ်စေလိုကြောင်း ပြန်ကြားခဲ့ရာ အိန္ဒိယဘုရင်ခံချုပ်က သစ်ခိုးမှုကို ဗြိတိသျှအရေးပိုင်နှင့် မြန်မာအရာရှိတို့က ဆုံးဖြတ်ကြရမည်။ အမှုစစ်ဆေးနေစဉ်အတွင်း ဗြိတိသျှအရေးပိုင်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဗြိတိသျှစစ်တပ်တစ်တပ်ကို မန္တလေး၌စခန်းချခွင့်ပေးရန်၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်သွယ်ရေးကို အင်္ဂလိပ်လက်သို့လုံးဝ အပ်နှင်းရန်ဟူ၍ မောက်မာစော်ကားသော ရာဇသံကို မြန်မာအစိုးရ ထံပေးပို့ခဲ့သည်။ ထို့နောက် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ရက်နေ့တွင် ရတနာပုံမန္တလေးနေပြည်တော်အပါအဝင် အထက်မြန်မာပြည်ကို ကျူးကျော်တိုက်ခိုက်သိမ်းယူခဲ့သည်။

**ဤတွင် မြန်မာနိုင်ငံအား နယ်ချဲ့အင်္ဂလိပ်အစိုးရက ကျူးကျော်စစ်သုံးကြိမ် တိုက်ခိုက်သိမ်းယူခြင်းကို မြန်မာတပ်တို့က ရဲရဲရင့်ရင့်စွန့်စွန့်စားစားခုခံ တိုက်ခိုက်နိုင်သော်လည်း လက်နက်အင်အားအရ နယ်ချဲ့အင်္ဂလိပ်တပ်များနှင့်တန်းတူယှဉ်ပြိုင်တိုက်ခိုက်နိုင်သော အခြေအနေမရှိသဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် မစွမ်းသာခဲ့ပေ။ အကယ်၍ နယ်ချဲ့အင်္ဂလိပ်အစိုးရတပ်များကဲ့သို့ လက်နက်အင်အားချင်း တန်းတူယှဉ်နိုင်ခဲ့ပါလျှင် နယ်ချဲ့အင်္ဂလိပ်တပ်၏ ကျူးကျော်စစ်ကို မြန်မာတပ်တို့၏ နိုင်ငံကာကွယ်ရေးအတွက် တရားသော ခုခံတွန်းလှန်ရေးစစ်ပွဲက မလွဲမသွေချေမှုန်းပြီး အောင်ပွဲရမည်သာ ဖြစ်သည်။**

တောင်ပေါ် မြေပြန့်ခွဲခြားအုပ်ချုပ်သော ဥပဒေများ ထုတ်ပြန်ခြင်း၊ တောင်ပေါ်ဒေသအချင်းချင်းကိုလည်း ခွဲခြားအုပ်ချုပ်သော ဥပဒေများ ထုတ်ပြန်ခြင်းစသော သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် မြန်မာတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုကို ဖြိုခွဲခဲ့သည်။

ထို့အတူပင် နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ကိုလိုနီခေတ်တစ်လျှောက်လုံး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား သီးနှံများကို စိုက်ပျိုးစေခဲ့သည်။ ဆန်စပါး၊ ဝါ၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ကုလားပဲ၊ ကြံစသော သီးနှံများ ၁၈၅၂–၅၃ ခုနှစ်တွင် ဧက ၆သိန်းမျှရှိခဲ့ရာ ၁၉၃၅ခုနှစ်တွင် စိုက်ဧက၁၂၀၀၉၇၃၇ရှိလာခဲ့သည်။ ပြောင်းစိုက်ဧကသည် ၁၉၀၀ ပြည့်နှစ်တွင် ၁၈၆၁၇၂ ဧကရှိရာမှ ၁၉၄၁ ခုနှစ်တွင် ၂၁၃၉၆၆ ဧကရှိလာခဲ့သည်။ ကုလားပဲစိုက်ဧကသည် ၁၉၀၀ ပြည့်နှစ်တွင် ၆၅၂၆၀ ရှိရာမှ ၁၉၄၁ ခုနှစ်တွင် ၂၇၅၂၅၂ ဧကရှိလာခဲ့သည်။ ကြံစိုက်ဧကသည် ၁၉၁၀ ပြည့်နှစ်တွင် ၁၂၂၇၂ ဧကရှိရာမှ ၁၉၄၁ ခုနှစ်တွင် ၇၆၈၇၅ ဧကရှိလာခဲ့သည်။

ယင်းကဲ့သို့ နယ်ချဲ့အင်္ဂလိပ်အစိုးရက စိုက်ပျိုးသီးနှံဧကများကို တိုးချဲ့စိုက်ပျိုးစေခြင်းသည် မြန်မာတောင်သူ လယ်သမားများ၏ အကျိုးစီးပွားအတွက်မဟုတ်ဘဲ နယ်ချဲ့အင်္ဂလိပ်အရင်းရှင်၏ စတီးဘရားသား ကုမ္ပဏီအပါအဝင် နိုင်ငံခြားအရင်းရှင်ကုမ္ပဏီများ၏ အကျိုးစီးပွားအတွက်ပင် ဖြစ်သည်။

အလားတူပင် မြန်မာနိုင်ငံ၏ အဓိကသယံဇာတဖြစ်သော ရေနံအပေါ်တွင် နယ်ချဲ့အင်္ဂလိပ်အရင်းရှင်အစိုးရ၏ ဘီအိုစီကုမ္ပဏီက မည်မျှအမြတ်ထုတ် သွေးစုပ်ခဲ့သနည်း ဟူသောအဖြေကို ထုတ်နိုင်ရန် ဇယားဖြင့် ရှင်းလင်းတင်ပြအပ်ပါသည်။

| ခုနှစ် | ရေနံရောင်းဝယ်ရေးမှ အမြတ် (ပေါင်စတာလင်) | ရေနံနှင့်ရေနံထွက် ပစ္စည်းမှုစုစုပေါင်းအမြတ် (ပေါင်စတာလင်) |
|---|---|---|
| ၁၉၃၉ | ၂၂၉၈၃၂၈ | ၄၆၈၄၃၆၁ |
| ၁၉၄၀ | ၂၇၆၈၂၃၃ | ၃၇၆၉၄၉၈ |
| ၁၉၄၁ | ၃၅၃၀၇၁၁ | ၄၈၆၇၈၉၄ |

ဖော်ပြပါဇယားကိုကြည့်ပါက မြန်မာ့ရေနံမြေနှင့်ပတ်သက်ပြီး ၁၈၈၆ ခုနှစ် နောက်ပိုင်းကစပြီး အခြေစိုက်ခဲ့သော နယ်ချဲ့အင်္ဂလိပ်များ အပါအဝင် နိုင်ငံခြားသား အရင်းရှင်များက မည်မျှအမြတ်ထုတ်သွေးစုပ်ခြယ်လှယ်ခဲ့သည်ကို ထင်ရှားသိသာလောက်ပြီဟု ယူဆပါသည်။

ဖြစ်ခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ ကုမ္ပဏီ...
နှင့်အပေါင်းပါ ကျေးစူးခံကျေးစူးစား ကုမ္ပဏီ...
သာ ခံစားရရှိခဲ့ကြသည်။

အထူးသဖြင့် မြန်မာတောင်သူလယ်သမာ...
၏ဘဝသည် ကြွေးတင်ကျွန်ဖြစ် နှံ့နစ်ခဲ့ရ...
အပြင် မိဘဘိုးဘွား လက်ငုတ် လက်ကိုင်၊ ဓား...
လယ်မြေများကိုပါ ချစ်တီးများထံ ကြွေးနှင့်အသ...
ရသည်အထိ ခံစားခဲ့ကြရသည်။ ၁၉၃၀ပြည...
ကမ္ဘာ့စီးပွားရေး ပျက်ကပ်တွင် မြန်မာ့တော...
လယ်သမားတို့၏အခြေအနေမှာ အဆိုးရွာ...
အကျပ်အတည်းကို ရင်ဆိုင်ခဲ့ကြရသည်။ ၁...
ခုနှစ်မှ ၁၉၃၈ခုနှစ်အတွင်း မြန်မာ့တော...
လယ်သမားများ၏ လယ်ယာမြေ အသိမ်းခံ...
အောက်ဖော်ပြပါ ဇယားတွင် လေ့လာ တွေ့ရှိနို...
ဖြစ်သည်။

| အသိမ်းခံရသော ခုနှစ် | နှစ်အလိုက်အသိမ်းခံရ... လယ်မြေဧက |
|---|---|
| ၁၉၂၉ | ၁၀၇၉၉၅ |
| ၁၉၃၀ | ၁၄၄၇၇၇ |
| ၁၉၃၂ | ၆၄၅၁၈၈ |
| ၁၉၃၃ | ၅၅၄၄၃၁ |
| ၁၉၃၄ | ၃၉၅၁၀၂ |
| ၁၉၃၅ | ၂၈၇၁၃၆ |
| ၁၉၃၆ | ၂၂၀၀၇၀ |
| ၁၉၃၈ | ၃၂၇၉၇၀ |

ဤသို့အားဖြင့် နယ်ချဲ့အင်္ဂလိပ်အရင်...
အစိုးရ၏ ကိုလိုနီထမ်းပိုးအောက်တွင် မြ...
တိုင်းရင်းသားများဖြစ်ကြသည့် တောင်သူ...
သမားနှင့် အလုပ်သမားတို့၏ လူမှုစီးပွားဘဝ...
အနိမ့်ကျဆုံးဖြစ်ခဲ့ရသည်။

ယင်းအပြင် နိုင်ငံခြားသို့ စတီးဘရား...
ကဲ့သို့သော နယ်ချဲ့အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီမှ...
တင်ပို့ရောင်းချခဲ့သည့် လက်ဝါးကြီးအုပ်စီးပွား...
အခြေအနေကို ဖော်ပြပါဇယားဖြင့် လေ့လာနိုင်...
တင်ပြအပ်ပါသည်။

အလားတူပင် ဆန်စပါး ပြီးလျှင် မြန်မာနိုင်...
ဒုတိယအများဆုံးထွက်ကုန်ဖြစ်သော ကျွန်း...
အား ဘီဘီတီစီ၊ မက္ကရီကာစသည့် ဗြိ...

| ခုနှစ် | ဆန်ထွက် (တန်သန်းပေါင်း) | နိုင်ငံခြ... (တန်သ...) |
|---|---|---|
| ၁၉၁၁–၁၅ | ၃.၇၄ | ၂... |
| ၁၉၁၆–၂၀ | ၄.၃၁ | ၂... |
| ၁၉၂၁–၂၅ | ၄.၅၈ | ၂... |
| ၁၉၂၆–၃၀ | ၅.၀၀ | ၂... |
| ၁၉၃၁–၃၅ | ၄.၈၇ | ၃... |
| ၁၉၃၆–၄၀ | ၄.၉၄ | ၂... |

ဆိုရလျှင် ရေနံအပြင် ပတ္တမြားနှင့် အဖိုးတန် ကျောက်မျက်ရတနာလုပ်ငန်းသည်လည်း မြန်မာ့ ...ပွားရေးအတွက် အချက်အချာကျခဲ့သည့် ...ပျောက် နယ်ချဲ့အင်္ဂလိပ်အရင်းရှင်အစိုးရက ...ာနိုင်ငံကို သိမ်းယူခဲ့ပြီးနောက် တွင်းထွက် ...နာများအား ခေတ်မီနည်းစနစ်များဖြင့် တူးဖော် ...သည့်အတွက် ၁၉၁၉ ခုနှစ်တွင် ပတ္တမြား တွင်းက ...သည့် တန်ဖိုးမှာ ရေနံ၏ ၁၆ပုံ တစ်ပုံဖြစ်ခဲ့သည်။ ...၄ ခုနှစ်တွင် နမ္မတူ ဘော်တွင်းမှ အဖြိုက်နက် ...ချိန် ၂၃၀၀ တူးဖော်ရယူခဲ့သည်။ ထိုစဉ် ...ပက မြန်မာနိုင်ငံ၏ ခဲမဖြူအထွက်နှုန်းသည် ...း ကမ္ဘာတွင် နံပါတ်(၅)နေရာ၌ ရှိခဲ့သည်။ ...တန်တွင်းထွက် ကျောက်မျက်ရတနာပစ္စည်း ...ဤမျှထွက်ရှိခဲ့သော်လည်း မြန်မာတိုင်းရင်းသား ...သူများသည် အကျိုးခံစားခွင့် မရရှိကြဘဲ ...ရဲတွင်းနွံအောက်၌ အောက်တန်း အကျဆုံး

...က် ကြယ်ဖြူ

...ရသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ ကုမ္ပဏီများ ...ပေါင်းပါ ကျေးစူးခံကျေးစူးစား ကုမ္ပဏီများ ...ခံစားရရှိခဲ့ကြသည်။

အထူးသဖြင့် မြန်မာတောင်သူလယ်သမားများ ...ဝသည် ကြွေးတင်ကျွန်ဖြစ် နွံနစ်ခဲ့ရသည့် ...င် မိဘဘိုးဘွား လက်ငုတ် လက်ကိုင်၊ ဓားမဦးချ ...မြေများကိုပါ ချစ်တီးများထံ ကြွေးနှင့်အသိမ်းခံ ...ည်အထိ ခံစားခဲ့ကြရသည်။ ၁၉၃၀ပြည့်နှစ် ...စီးပွားရေး ပျက်ကပ်တွင် မြန်မာ့တောင်သူ ...သမားတို့၏အခြေအနေမှာ အဆိုးရွားဆုံး ...ပ်အတည်းကို ရင်ဆိုင်ခဲ့ကြရသည်။ ၁၉၂၉ ...မှ ၁၉၃၈ခုနှစ်အတွင်း မြန်မာ့တောင်သူ ...သမားများ၏ လယ်ယာမြေ အသိမ်းခံရမှုကို ...က်ဖော်ပြပါ ဇယားတွင် လေ့လာ တွေ့ရှိနိုင်မည် ...သည်။

| ...အသိမ်းခံရသော ခုနှစ် | နှစ်အလိုက်အသိမ်းခံရသော လယ်မြေဧက |
|---|---|
| ၁၉၂၉ | ၁၀၇၉၉၅ |
| ၁၉၃၀ | ၁၄၄၇၇၇ |
| ၁၉၃၂ | ၆၄၅၁၈၈ |
| ၁၉၃၃ | ၄၅၄၄၃၁ |
| ၁၉၃၄ | ၃၉၅၁၀၂ |
| ၁၉၃၅ | ၂၈၇၁၃၆ |
| ၁၉၃၆ | ၂၂၀၀၇၀ |
| ၁၉၃၈ | ၃၂၇၉၇၀ |

...ဤသို့အားဖြင့် နယ်ချဲ့အင်္ဂလိပ်အရင်းရှင် ...ရ၏ ကိုလိုနီထမ်းပိုးအောက်တွင် မြန်မာ ...ရင်းသားများဖြစ်ကြသည့် တောင်သူလယ် ...းနှင့် အလုပ်သမားတို့၏ လူမှုစီးပွားဘဝသည် ...ကျဆုံးဖြစ်ခဲ့ရသည်။

...ယင်းအပြင် နိုင်ငံခြားသို့ စတီးဘရားသား ...့သော နယ်ချဲ့အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီမှ ဆန် ...ို့ရောင်းချခဲ့သည့် လက်ဝါးကြီးအုပ်စီးပွားရေး ...ဲ့အနေကို ဖော်ပြပါဇယားဖြင့် လေ့လာနိုင်ပါရန် ...ပြအပ်ပါသည်။

...အလားတူပင် ဆန်စပါး ပြီးလျှင် မြန်မာနိုင်ငံ၏ ...သအများဆုံးထွက်ကုန်ဖြစ်သော ကျွန်းသစ် ... ဘီဘီတီစီ၊ မက္ကရီကာစသည့် ဗြိတိသျှ

| ...ခုနှစ် | ဆန်ထွက် (တန်သန်းပေါင်း) | နိုင်ငံခြားပို့ဆန် (တန်သန်းပေါင်း) | နိုင်ငံခြားပို့ဆန် (ရာခိုင်နှုန်း) |
|---|---|---|---|
| ...၁၁–၁၅ | ၃.၇၄ | ၂.၃၁ | ၆၂ |
| ...၁၆–၂၀ | ၄.၃၁ | ၂.၂၃ | ၆၃ |
| ...၂၁–၂၅ | ၄.၅၈ | ၂.၉၆ | ၆၅ |
| ...၂၆–၃၀ | ၅.၀၀ | ၂.၈၄ | ၅၇ |
| ...၃၁–၃၅ | ၄.၈၇ | ၃.၁၇ | ၆၅ |
| ...၃၆–၄၀ | ၄.၉၄ | ၂.၉၀ | ၅၉ |

နယ်ချဲ့အရင်းရှင် ကုမ္ပဏီများက နိုင်ငံခြားသို့ တင်ပို့ရောင်းချပြီး စီးပွားရေးအရ မည်မျှ အမြတ်ထုတ်ခဲ့သည်ကိုလည်း ဖော်ပြပါဇယားဖြင့် လေ့လာသိရှိနိုင်ပါသည်။

နယ်ချဲ့အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ထွက်ကုန်သယံဇာတပစ္စည်းများအား

## နိုင်ငံခြားသို့ တင်ပို့သော ကျွန်းသစ်တန်ချိန်နှင့် တန်ဖိုးပြဇယား

| ခုနှစ် | အိန္ဒိယသို့တင်ပို့ကျွန်း | | အခြားနိုင်ငံပို့ကျွန်း | |
|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁၈၉၃–၁၈၉၄ | – | – | – | – |
| ၁၈၉၉–၁၉၀၀ | – | – | – | – |
| ၁၉၂၁–၁၉၂၂ | ၁၆၀၅၄၀၊ | ၂၄၇၀၆၄၈၈၊ | ၁၄၇၅၇၊ | ၄၂၈၉၆၃၁၊ |
| ၁၉၂၂–၁၉၂၃ | ၁၅၆၄၀၅၊ | ၂၄၅၄၂၉၉၂၊ | ၂၈၁၈၀၊ | ၇၃၈၆၀၈၇၊ |
| ၁၉၂၃–၁၉၂၄ | ၁၇၅၆၂၈၊ | ၂၄၈၃၈၂၁၆၊ | ၃၈၅၄၉၊ | ၁၀၃၈၅၄၀၃၊ |
| ၁၉၂၄–၁၉၂၅ | ၁၈၄၉၇၄၊ | ၂၆၆၅၄၄၁၁၊ | ၄၅၃၃၉၊ | ၁၁၂၂၉၅၀၃၊ |
| ၁၉၂၅–၁၉၂၆ | ၁၈၉၀၅၆၊ | ၂၈၅၄၉၅၀၅၊ | ၆၃၀၇၄၊ | ၁၆၇၄၂၁၈၇၊ |

ယင်းတို့၏ အလိုကျ ခြယ်လှယ်သွေးစုပ်နေကြသကဲ့သို့ ဆင်းရဲတွင်း ပို၍ပို၍ နက်ရှိုင်းလာသော မြန်မာတောင်သူလယ်သမားများအား အတိုးနှုန်းကြီးစွာဖြင့် ငွေထုတ်ချေးခဲ့ကြသည်။ တောင်သူလယ်သမားများကလည်း စပါးဈေးကစားမှုဒဏ်ကြောင့် ငွေများချေးယူခဲ့ကြရသည်။ ချေးငှားထားသော ငွေများကို ပြန်မဆပ်နိုင်ပါက လယ်ယာမြေကို အသိမ်းခံခဲ့ကြရသည်။ "ဒေါ်ဆင်ဘဏ်" ကဲ့သို့သော ဗြိတိသျှအရင်းရှင် ဘဏ်များသည် လယ်မြေအများအပြားကို ပိုင်ဆိုင်လာခဲ့ကြသည်။အင်္ဂလိပ်အရင်းရှင်ဘဏ်များသည် တောင်သူလယ်သမားများအား ဘဏ်မှတိုက်ရိုက် ချေးခြင်းမပြုဘဲ ချစ်တီးများမှတစ်ဆင့် ချေးငှားကြသည်။ ချစ်တီးများက ဘဏ်မှ အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ချေးယူပြီး မြန်မာတောင်သူလယ်သမားများအား အတိုးနှုန်း ၂၀ ရာခိုင်နှုန်းဖြင့် ပြန်လည်ချေးငှားခဲ့သည်။

အင်္ဂလိပ်ကိုလိုနီလွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ရသော မြန်မာတောင်သူ လယ်သမားများ၏ ဘဝသည် ကြွေးတင်နွံနစ်၊ ကျွန်အဖြစ်သံသရာလည်နေသကဲ့သို့ မြန်မာအလုပ်သမားများ၏ ဘဝသည်လည်း ဖွတ်ကျောပြာစုခရုဆံကျွတ် ဆိုသကဲ့သို့ ဆင်းရဲငတ်မွတ်ခြင်းဒဏ်ကို ခါးစည်း ခံခဲ့ကြရသည်။

နယ်ချဲ့အင်္ဂလိပ်အရင်းရှင်အစိုးရသည် မြန်မာပြည်သူများအား စီးပွားရေးအရ လက်ဝါးကြီးအုပ်ခြယ်လှယ် အမြတ်ထုတ် သွေးစုပ်ခဲ့သော်လည်း မြန်မာပြည်သူတို့၏ ပညာရေးကိုမူ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမရှိခဲ့ပေ။ အထူးသဖြင့် အင်္ဂလိပ်နယ်ချဲ့အရင်းရှင်အစိုးရ၏ ကိုလိုနီအုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေးနှင့် မြန်မာနိုင်ငံအား ကျွန်သက်ရှည်စွာ အုပ်ချုပ်နိုင်ရေးအတွက် ကျွန်ပညာရေးစနစ်ကို သင်ကြားစေခဲ့သည်။ မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို ဆန့်ကျင်သည့် ကျွန်ပညာရေးစနစ်အရ မြို့ပိုင်၊ စာရေး စာချီအဆင့်မျှသာရာထူးပေးမည့် ပညာရေးကိုသင်ကြားပေးခဲ့သည်။ ခေတ်မီသိပ္ပံပညာရပ်များ၊ မိမိနိုင်ငံကို မိမိကိုယ်တိုင်တည်ဆောက်နိုင်မည့် ပညာရေးကို လုံးဝသင်ကြားမပေးခဲ့ပေ။

**မြန်မာအလုပ်သမားနှင့် တောင်သူလယ်သမားတို့ အပါအဝင် မြန်မာပြည်သူတို့၏လူမှုစီးပွားဘဝသည် နယ်ချဲ့အင်္ဂလိပ်အရင်းရှင်တို့က ခြယ်လှယ်သမျှ လည်စင်းခံနေရသကဲ့သို့၊ လူမှုရေးအရလည်း သခင်နှင့် ကျွန်ဆက်ဆံရေးစနစ်ကို ကျင့်သုံးခဲ့ကြသည်။ အင်္ဂလိပ်အရာရှိများသည် ယင်းတို့၏ လက်အောက် ဝန်ထမ်းများအား ဘုရားထူးစေခဲ့သည်။ အခေါ်အဝေါ် အသုံးအနှုန်းအရလည်း ယင်းအရာရှိကြီးများကို သခင်ကြီးဟူ၍ ခေါ်ဝေါ်စေခဲ့သည်။**

ဤမျှ လူမှုရေးအရ ဖိနှိပ်ခြယ်လှယ်ခဲ့သည့် အပြင် မြန်မာလူငယ်မျိုးဆက်သစ်များအား ယင်းတို့၏ ယဉ်ကျေးမှုကို လေးစားအထင်ကြီး စေရန်၊ မစ်ရှင်ကျောင်းများက ပုံသွင်းခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်အရင်းရှင်အစိုးရသည် မြန်မာနိုင်ငံ၏ စီးပွားရေးဘဝကို ယင်းတို့အလိုကျ ခြယ်လှယ်သွေးစုပ်နေသော်လည်း မြန်မာနိုင်ငံ၏ ပညာရေးကို ဥပက္ခာပြု လျစ်လျူရှုထားခဲ့သည်။ ၁၈၈၅–၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အစိုးရအလယ်တန်းကျောင်း ရှစ်ကျောင်းနှင့် အထက်တန်းကျောင်း သုံးကျောင်းမျှသာရှိခဲ့သည်။ ၁၈၇၁ခုနှစ်တွင် ရန်ကုန်ဆရာဖြစ်သင်ကျောင်း တစ်ကျောင်းဖွင့်လှစ်ပေးခဲ့ပြီး ၁၉၀၇ခုနှစ်တွင် ယခုခေတ်လက်ထောက်ကျန်းမာရေးမှူးသင်တန်းနှင့် အဆင့်တူဆေးကျောင်း တစ်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ၁၉၁၂ခုနှစ်တွင် ယင်းဆေးကျောင်း၌ တက်ရောက်ပညာသင်ကြားနေသူ ၄၄ ဦးအနက် ထက်ဝက်ကျော်မှာ မြန်မာတိုင်းရင်းသားကျောင်းသားများ မဟုတ်ကြပေ။ ၁၈၉၉ခုနှစ်တွင် သာယာဝတီမြို့၌ သစ်တောကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။ ၁၉၁၀ပြည့်နှစ်တွင် ပျဉ်းမနားမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၈၄၄–၈၅ ခုနှစ်တွင် မြေတိုင်းကျောင်း ငါးကျောင်းဖွင့်လှစ်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းအချို့ကို မြို့ကြီးအချို့၌ ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ စက်မှုလက်မှုသင်တန်းကျောင်းနှင့် အသက်မွေးဝမ်းကျောင်းအချို့ကို နယ်ချဲ့အင်္ဂလိပ်အစိုးရက ဖွင့်လှစ်ပေးသော ရည်ရွယ်ချက်များမှာ ကိုလိုနီစီးပွားရေးနှင့် ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အကူပြုရုံမျှသာ အတိုင်းအတာတစ်ခုအထိ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်အထိ တက္ကသိုလ် ကျောင်းဟူ၍ မရှိခဲ့ချေ။ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ကို ဖွင့်လှစ်ခဲ့သော်လည်း အိန္ဒိယနိုင်ငံ၊ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံကျောင်းများဖြစ်ပြီး ပညာရေးနှင့် ဆိုင်ရာများကို ကာလကတ္တားတက္ကသိုလ်က တိုက်ရိုက်အဆုံးအဖြတ်ပေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ပေးရန်အတွက် ၁၉၂၀ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကြမ်းကို ပြဋ္ဌာန်းခဲ့

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

**နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်နိုင်ရန်အတွက် ရှေးဦးစွာ သံတမန်နည်းဖြင့် တစ်ဖုံ၊ ကုန်သွယ်နည်းဖြင့်တစ်သွယ်၊ မြန်မာဘုရင် ရွှေတော်မှောက်သို့ ဝင်ရောက်၍ ဒူးတုပ်ခစားကာ ခြေကုပ်ရယူနိုင်ရန်အတွက် ဤသို့ ကြိုးပမ်းခဲ့ကြသည်။**

သည်။ သို့သော်လည်း ယင်းအက်ဥပဒေကြမ်းမှာ မြန်မာကျောင်းသားလူငယ်အများစု ပညာသင်ကြားရေးထက်အင်္ဂလိပ်လူမျိုး အရာရှိများ၊ အရင်းရှင်များနှင့် အင်္ဂလိပ်သြဇာခံအလိုတော်ရိ မြန်မာအရာရှိကြီးများနှင့် မြေပိုင်ရှင်ကြီးများ၏ သားသမီးများသာ တက်ရောက်သင်ကြားနိုင်မည့် ပညာရေးဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ဤသို့အားဖြင့် မြန်မာတိုင်းရင်းသား ပြည်သူများအား လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုအရ ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ မြန်မာတို့၏ လူမှုစီးပွားဘဝသည် ကိုလိုနီထမ်းပိုးအောက်တွင် အနိမ့်ကျဆုံး ခံစားခဲ့ကြရသည်။

ယင်းအခြေအနေအရပ်ရပ်ကို လေ့လာပါက သူ့ကျွန်ဘဝ၏ ဆိုးရွားခါးသီးမှုများကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဆိုးရွားခါးသီးမှုမျိုးကို ထပ်မံ မတွေ့ကြုံမခံစားရရေးအတွက် သူ့ကျွန်ဘဝ ရောက်ရမည့် အရေးမှန်သမျှ တားဆီးကာကွယ်ကြရမည်ဖြစ်သည်။

**ထို့ကြောင့် ယနေ့ကာလတွင် ပြည်တွင်းပြည်ပ ရန်စွယ်မှန်သမျှ တွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် အင်အားတောင့်တင်းသော တပ်မတော် တစ်ရပ်ရှိရန် လိုအပ်ပေ သည်။ သို့မှသာ တစ်ချိန်က တိုင်းရင်းသားပြည်သူတို့ ခါးသီးစွာ ခံစားခဲ့ရသည့် အမိမဲ့သား ရေနည်းငါးဘဝမှ ထာဝရကင်းဝေး နေမည်ဖြစ်သည်။**

ထိုသို့တားဆီးကာကွယ်နိုင်ရန် သူ့ကျွန်ဘဝရောက်ခဲ့ရသည့်အကြောင်းကို ပြန်ပြောင်းဆန်းစစ်လေ့လာရန်လိုပေသည်။ သူ့ကျွန် ဘဝမည်သို့ရောက်ခဲ့ရလေသနည်း။ အဖြေကား ထိုစဉ်က နယ်ချဲ့ရန်စွယ်နှင့် ပြည်တွင်းပြည်ပ အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်ကာကွယ် နိုင်သည့် အင်အားတောင့်တင်းသော တပ်မတော် တစ်ရပ်



**နယ်ချဲ့အင်္ဂလိပ်တို့ ကုပ်သွေးစုပ် ခြယ်လှယ်ထုတ်ယူခဲ့ပြီးနောက် ဖျက်ဆီးပိတ်ဆို့ပစ်ခဲ့သော ဧရာဝတီမြစ်ကမ်းဘေးရှိ ရေနံချောင်းနှင့် ချောက်ရေနံမြေမှ မြန်မာ့ရေနံတွင်းများကို ဤသို့တွေ့ရသည်။**

မရှိခဲ့၍ ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် ထိုစဉ်က အင်အားတောင့်တင်းသော တပ်မတော် တစ်ရပ်မရှိခဲ့၍ နိုင်ငံ့အင်အား ယုတ်လျော့ကျဆင်းခဲ့ရသည်။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူများသည် အမိမဲ့သား ရေနည်း ငါးပမာဖြစ်ခဲ့ရသည်။ တိုင်းရင်းသား ပြည်သူတို့ သည် နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှု ဝဲဂယက်တွင် ခါးစည်းခံရင်း အဆိုပါဝဲဂယက်တွင် နစ်မွန်းခဲ့ကြရသည်။

**ထို့ကြောင့် ယနေ့ကာလတွင် ပြည်တွင်းပြည်ပ ရန်စွယ် မှန်သမျှတွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်ရှိရန် လိုအပ်ပေသည်။ သို့မှသာ တစ်ချိန်က တိုင်းရင်းသား ပြည်သူတို့ ခါးသီးစွာ ခံစားခဲ့ရသည့် အမိမဲ့သား ရေနည်းငါးဘဝမှ ထာဝရကင်းဝေးနေမည်ဖြစ်သည်။ ထို့ပြင်"ရေမြင့်မှကြာတင့်"ဟူသော ဆိုစကားနှင့်အညီ တပ်နှင့်ပြည်သူအမြဲ ကြည်ဖြူလက်တွဲနေသည်နှင့်အမျှ နိုင်ငံ့ရန်စွယ် အန္တရာယ်မှန်သမျှ တွန်းလှန်ဖယ်ရှားနိုင်မည်ဖြစ်သည်။**

တပ်မတော်အင်အားရှိရန် တိုင်းရင်းသား ပြည်သူများက အစဉ်လက်တွဲ အားပေးကူညီနေရန် လိုအပ်ပေသည်။ ဆိုစကားတစ်ခုကို ထပ်မံဖော်ကျူးလိုက်ချင်ပါသည် **"တပ်နှင့်ပြည်သူမြဲကြည်ဖြူမည်သူရန်မူဝံ့မည်နည်း"** ဟူ၍။ ။

## စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ်ရေကန်လမ်းပေါ်ရှိ မံဆောင်းဘေလီကြိုးတံတား ဖွင့်ပွဲအခမ်းအနားၙ တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

✻ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ယခု ဖွင့်လှစ်လိုက်သည့် မံဆောင်းဘေလီကြိုးတံတားသည် တီးတိန်-ရိဒ်ရေကန်လမ်းပေါ်ရှိပြီး မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ပေးထားသည့် ပေ ၄၆၀ရှိသော တံတားဖြစ်ကြောင်း။

### လေးစင်းမြောက်တံတား

နိုင်ငံတော်တစ်ဝန်းတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း ယခုဖွင့်လှစ်လိုက်သော မံဆောင်းတံတားအပါအဝင် ပေ ၁၈၀နှင့်အထက် စီမံကိန်းဝင်တံတားကြီးပေါင်း ၁၉၅စင်းတည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်းမှာဆိုလျှင် မံဆောင်းတံတားမတိုင်မီ ဗားရပ်တံတား၊ ကပ်တဲလ်တံတားတို့ကို တည်ဆောက်ခဲ့ပြီး မံဆောင်းတံတားသည် ချင်းပြည်နယ်၏လေးစင်းမြောက်တံတားကြီးဖြစ်ကြောင်း။

ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ပေးရာတွင် အခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတားကို နိုင်ငံတော်အစိုးရက အထူးအလေးထားပြီး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း စသည့် လမ်းမကြီးလေးသွယ်ကို ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် ပြုပြင်ပေးလျက်ရှိကြောင်း။

အဆိုပါ လမ်းမကြီးလေးသွယ်အပြင် အခြားလမ်းများကိုလည်း ပြုပြင်ဖောက်လုပ်နေခြင်းကြောင့် ချင်းပြည်နယ်သည် ယခင်အခြေအနေတွေနှင့် မတူတော့ဘဲ ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်လာပြီ ဖြစ်ကြောင်း၊ ဟားခါးမှ ကလေးလမ်းကြောင်းအတိုင်း ဆင်းသည့်လမ်းနှင့် မတူပီမှ မင်းတပ်၊ မင်းတပ်မှ ကျောက်ထု-ပခုက္ကူဆင်းသည့်လမ်းတို့သည် ယခုအခါ သိသိသာသာ တိုးတက်ကောင်းမွန်နေပြီ ဖြစ်ကြောင်း၊ အလားတူ ဟားခါးမှ ဂန့်ဂေါဆင်းသည့် လမ်းကြောင်းသစ်သည်လည်း ချင်းပြည်နယ်(မြောက်ပိုင်း)၏ ခိုင်မာသော ထွက်ပေါက်ဖြစ်နေပြီ ဖြစ်ကြောင်း။

### နေ့ချင်းပေါက်

ချင်းပြည်နယ်(တောင်ပိုင်း)၏ ထွက်ပေါက်အဖြစ် မင်းတပ်နှင့် ဆက်စပ်သည့် မင်းတပ်-ကျောက်ထု-ပေါက် ကားလမ်းကိုလည်း ကတ္တရာလမ်းတိုးချဲ့ဖောက်လုပ်ပေးနေသကဲ့သို့ လိုအပ်သည့်တံတားနှင့် အဆင့်မြှင့်တည်ဆောက်ထားသည့်အတွက် ယခုဆိုလျှင် ပခုက္ကူ-မင်းတပ်လမ်းသည် ယခင်ကကဲ့သို့ ညအိပ်သွားစရာမလိုဘဲ နေ့ဝက်ခရီးနှင့် သွားနိုင်ပြီဖြစ်ကြောင်း၊ အလားတူ မင်းတပ်-မတူပီလမ်းသည်လည်း ညအိပ်ခရီးမဟုတ်ဘဲနေ့ချင်းပေါက်ခရီးဖြစ်နေပြီ ဖြစ်ကြောင်း၊ ချင်းပြည်နယ်(မြောက်ပိုင်း)နှင့်ဆက်စပ်သည့် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ကိုလည်း လိုအပ်သည့်တံတားများနှင့်အတူ တည်ဆောက်ဖွင့်လှစ်ပေးပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ချင်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးမြို့အထိ နေ့ချင်းပေါက် ခရီးရောက်နေပြီ ဖြစ်ကြောင်း။

ယင်းလမ်းမကြီးများကနေ ချင်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သည် ထွက်ကုန်သီးနှံအပါအဝင် ကုန်စည်များကို အပြန်အလှန် လွယ်လင့်တကူ ရောင်းဝယ်ဖောက်ကားသွားလာနိုင်၍ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများ ရရှိလာနေပြီ ဖြစ်ကြောင်း။

ဤအရှိန်အဟုန်ကောင်း၊ အချိန်အခါကောင်းတွေကို မိမိအကျိုး၊ ဒေသအကျိုး၊ ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးအတွက် နိုင်ငံချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဒေသခံပြည်သူတစ်ရပ်လုံးကို အလေးအနက်ထား ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မံဆောင်းတံတားကို တည်ဆောက်ပေးကြသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ အတတ်ပညာရှင်များ၊ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည့် ဒေသခံပြည်သူများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ထိန်းသိမ်းကြပါဟု မှာကြားရင်း နိဂုံးချုပ်အပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်တစ်ဝန်း လမ်းမကြီးများကို အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ဆက်သွယ်မိစေရန် ကွန်ချာရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင်အရှည် ၁၃၆၃၅ မိုင်သာရှိခဲ့ကြောင်း၊ ယခုဆိုလျှင် တစ်နိုင်ငံလုံး ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ပေးနိုင်ခဲ့သည့် လမ်းမိုင်အရှည် စုစုပေါင်း ၁၈၆၄၀/၃ မိုင်ရှိလာပြီဖြစ်သည့်အတွက် လမ်းမိုင်အရှည် ၅၀၀၅/၃ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ချင်းပြည်နယ်အတွင်း၌ ၁၉၈၈ခုနှစ် မတိုင်မီက လမ်းအရှည် ၆၉၅ မိုင်ရှိခဲ့ရာမှ ယခု ၁၀၆၁/၆ မိုင်ရှိလာပြီး ဖြစ်သည့်အတွက် ၃၆၆/၆ မိုင် တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း။

### ၁၉၅ စင်းတည်ဆောက်ပြီး

လမ်းမိုင်အရှည် ပိုမိုဖောက်လုပ်သည်နှင့်အမျှ လိုအပ်သည့် တံတားကြီးငယ်များကိုလည်း တည်ဆောက်ပေးခဲ့ရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ ဖွင့်လှစ်ပေးသည့် မံဆောင်းတံတားအပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးအစင်း ၁၈၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့မီးရထားက ခုနစ်စင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း၊ စွမ်းအင်ဝန်ကြီးဌာနက တစ်စင်းတည်ဆောက်ပေးခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့် ယနေ့အထိ တံတားကြီးပေါင်း ၁၉၅ စင်းတည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုမံဆောင်းတံတားအပြင် မြစ်သာတံတား(ကလေးဝ)ပါဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည့်အတွက် ရိဒ်ရေကန်တစ်ဝိုက်နေ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များသည်လည်း ဆတက်ထမ်းပိုးလွယ်ကူသွားတော့မှာဖြစ်ကြောင်း။

ဤတံတားကြီးကို ယခုကဲ့သို့ အောင်အောင်မြင်မြင်ဖြင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ဤတံတားကြီးစံချိန်စံညွှန်းမီမီဖြင့် ရေရှည် သက်တမ်းပြည့်အကျိုးရှိရှိ အသုံးပြုသွားနိုင်ရန်လည်း ဆက်လက်ပြီး ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မံဆောင်းတံတားဖွင့်ပွဲ ကျင်းပမည့် တံတားထိပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့က မံဆောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ဒေသခံတိုင်းရင်းသားများ၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မံဆောင်းတံတားကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြပြီး အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့်အတူ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် မံဆောင်းတံတားသည် ချင်းပြည်နယ် တီးတိန်မြို့ တီးတိန်-ရိဒ်ရေကန်လမ်းမိုင် ၈/၂ မိုင်တွင် တည်ရှိ၍ မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ဘေလီကြိုးတံတား၊ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်မှာ ပေ ၄၆၀ရှိသည်။ ယာဉ်သွားလမ်းအကျယ်၁၆ပေပါရှိပြီး တံတားအောက်ရေလမ်း ကင်းလွတ်နယ်အကျယ် ပေ ၃၂၀နှင့် အမြင့်ပေ၃၀ရှိသည်။ တံတား၏ခွင့်ပြုယာဉ်အလေးချိန်မှာ တန်၃၀ရှိသည်။ မံဆောင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၄)က ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၁ရက်တွင် စတင်တာဝန်ယူတည်ဆောက်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

## ဘွဲ့တံဆိပ်တော်ရဆရာတော် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၁**

ကမ္ဘောဇ သာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် တောင်ကြီးအသင်း(ရန်ကုန်)တို့က ကြီးမှူး၍ နိုင်ငံတော်မှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းခံရသော ရှမ်းပြည်နယ်မှ ဆရာတော်သံဃာတော်အပါး ၂၀နှင့်အတူ သံဃမဟာ နာယကဆရာတော်သုံးပါး စုစုပေါင်း သံဃာ ၂၃ပါးတို့ကို ဂုဏ်ပြုပူဇော်လှူဒါန်းခြင်းနှင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦးတို့ကို ဂုဏ်ပြုခြင်းအခမ်း အနားကို ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ကမ္ဘောဇသာသနာ့ဗိမာန်၌ မတ် ၂၅ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုပူဇော်ပွဲသို့ တက်ရောက်ပူဇော်လှူဒါန်း၍ ကုသိုလ်အတူတကွ ပါဝင်ကြရန် ပြည်နယ်သူပြည်နယ်သား အလှူရှင်များအား ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မံဆောင်းတံတား

✻ တောင်ဇလပ်တွေ ဝေဆာပွင့်ပါတဲ့
အောင်အရပ်ဗွေ မြေလွှာအမြင့်ဆီက
တင့်သည်အလှ သားချင်းဆွေ
အဆင့်မီစွ တံတားတစ်စင်းပေ။

✻ အသွားခက်စွာ နယ်တစ်သီးပေမို့
အားပျက်စရာ ဘယ်မနီးတာကြောင့်
ခရီးအချိန်မသိ ပဝေတစ်ရံခါက
**"တီးတိန်-ရိဒ်"** ရေကန်သာသို့
မသွေမြန်စွာ ရောက်ဖို့အရေး
ဝေးခဲ့သည်လေ။

✻ နောက်မဆုတ်သွေး အဟုန်မြှင့်သည်ပဲ့
ဆောက်လုပ်ရေး ဂုဏ်တင့်ပြီကွယ့်
ကြံ့ခွင့်အညီ အသိတူကြနှစ် မဆိုင်းပါဘု
ဝသုန်အမြင့်နဒီ မဏိပူရမြစ်ရိုင်းမဟာကိုလာ့
ဆစ်ပိုင်းကာ အကြံကောင်းများတွေနဲ့
**"မံဆောင်းတံတား"** အမည်တွင်ပေါ့
ပီပြင်စွာ ပြည်ခွင်တစ်ဝန်းမှာဖြင့်
ကြည့်ရှုလန်းစရာ့ အားအစစ်ပေ
တံတားအသစ်တွေနဲ့ ယှက်သွယ်ထား။

✻ နှစ်သွယ်ထပ်ပေလိမ့်
နယ်စပ်မြေ ကုန်သွယ်ရေးငဲ့အပြင်
စုံနယ်အဝေး လွန်းပြန်သည်များမှာဖြင့်
**"တွန်းဇံ-ကျီခါး"** အလွယ်ရောက်နိုင်ပေါ့
နယ်ကျောက်တိုင် ခြားမြေအရပ်ဆီထိ
ကားတွေမပြတ် အသင့်သွားနိုင်သမို့
အလျားအနံ ဆင့်ပွားစွာပဲ့
တံတားအလံ ဝင့်ကြွားပါဘိ
(အိုကွယ်)
အားမာန်မြင့်မား။ ။

**စလင်းဘုန်းကျော်**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

## ဒို့တိုင်း ဒို့ပြည် ကာကွယ်မည်

❋ ငါတို့ချစ်သည်၊ မြန်မာပြည်တည့်
ပြာရီမှောင်မှိုင်း၊ တောင်တံတိုင်းနှင့်
တောင်လှိုင်းခွေရစ်၊ နေသည်ဖြစ်လျက်
စုလစ်မွမ်းချွန်၊ တံခွန်ကုက္ကား
ဘုရားတန်ဆောင်း၊ သိမ်ကျောင်းဇရပ်
ပြာသာဒ်အဆင်း၊ ရွှေရည်ဝင်းလျက်
အိုင် အင်း မြစ် ချောင်း၊ ရှုမညောင်းသည်
နှစ်ပေါင်းကြာရှည်ခဲ့လေပြီ။

❋ ငါတို့နေသည်၊ မြန်မာပြည်တည့်
ဇာနည်ယောကျာ်း၊ ပြည်ချစ်သားတို့
ထင်ရှားဘိသော်၊ ခုတိုင်ကျော်သည်
အနော်ရထာ၊ ရာဇာဓိရာဇ်
ကျန်စစ် ဘုရင့်နောင်၊ အခေါင်ထွတ်လန်း
ပြည်ချစ်ပန်းတို့
ရဲစွမ်းအံ့ဖွယ်၊ အသွယ်သွယ်၏
ပန်းနှယ်ထုံသင်း၊ ဂုဏ်သတင်းလျှင်
ထွန်းလင်းကမ္ဘာ ကျော်ခဲ့ပြီ။

❋ ဒို့ကာကွယ်မည်၊ မြန်မာပြည်တည့်
ဇာနည်တို့ထုံး၊ ပိုင်ပိုင်သုံး၍
ချေမှုန်းလျက်သော်၊ တပ်မတော်လျှင်
မြေပေါ် မြေအောက်၊ ရေအောက်မချန်
ရန်သူမှန်လျှင်
မကျန်ရပေ၊ ညက်ညက်ကြေ၍
ပျက်ကြွေငြိမ်းချုပ်၊ အမြစ်ဖြုတ်အံ့
အချုပ်အခြာ၊ အာဏာတန်ခိုး
လူမျိုးနယ်ပယ်၊ ကမ္ဘာ့အလယ်တွင်
နေနှယ်ထိန်လင်း၊ လနှယ်ဝင်းဖို့
နှင်းသက်ဆယ်ပြန်၊ စွန့်လွှတ်ရန်လျှင်
ဓိဋ္ဌာန်ခဲ့ပြီး ဒို့စစ်သည်...။
ပြည်သူ့အတွက် ရဲသွေးနီ...။
ထာဝရ အောင်လံလွှင့်စေမည်။ ။

**စိုးမိုး (ပုသိမ်)**

## တပ်မတော်နေ့ဂုဏ်ပြုကြိုဆို သစ္စာခိုင်ခိုင်သက်ဆုံးတိုင် ဇာတ်လမ်းပမာနားဆင်စရာ ထုတ်လွှင့်မည်

**ရန်ကုန် မတ် ၂၁**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆလိုင်းရွှေဗမာ၏ ဝတ္ထုကို ချစ်ကြည်မောင် ဇာတ်ညွှန်းရေးသား၍ စန္ဒာလှိုင် စီစဉ်ထုတ်လွှင့်လိုက်သည့် **'သစ္စာခိုင်ခိုင် သက်ဆုံးတိုင်'** ဇာတ်လမ်းပမာနားဆင်စရာကို မတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲနှင့် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲ အချိန်များတွင် မြန်မာ့အသံက ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါဇာတ်လမ်းပမာ နားဆင်စရာတွင် တေးသံရှင် မေယုမော်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

## နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၂၁

**၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၉ နာရီခွဲအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။**

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြ လေ့ကျင့်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်အရာရှိကြီးများ လာရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

## ရန်ပုံခွင်းတပ်မတော်စာစောင် ထုတ်ဝေမည်

**ရန်ကုန် မတ် ၂၁**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ရန်ပုံခွင်း တပ်မတော်စာစောင်အား နှစ်(၆၀) ပြည့်တပ်မတော်နေ့အမီ ထုတ်ဝေမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါစာစောင်တွင် စစ်ရေးစစ်ရာအတွေ့အကြုံနှင့် စာပေရေးရာ အတွေ့အကြုံရှိကြသော ဝါရင့်စာဆိုစစ်သည်များနှင့် စာပေပညာရှင်များ ဖြစ်ကြသည့် သုတေသီ ရာမည ကိုကိုနိုင်၊ ဒေါက်တာထီလာစစ်သူ၊ အိမ်မဲ ဒေါင်းပြာ၊ မမြတ်လေး၊ မှူးသမိန်၊ တက္ကသိုလ်သက်ပန်၊ မှူးသပြေ၊ ဝမ်းအိုဝမ်း ကျော်ဝင်းမောင်၊ သာဂဒိုး၊ မြမာလာ၊ သိပ္ပံမှူးတင်၊ ဏီဏီယဉ်၊ မင်းသိဒ္ဓိ၊ ညိုညက်၊ သုခိအောင်တို့၏ ကိုယ်တွေ့၊ အတွေး၊ အမြင်၊ သုတ၊ ရသ လက်ရာများ ဂုဏ်ပြုတင်ပြထားသည်။

အဆိုပါစာစောင်ရောင်းဈေးမှာ ကျပ် ၂၀၀ ဖြစ်ပြီး ရန်ကုန်မြို့ ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်ကိုယ်စားလှယ်များထံ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုး ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ရန်ကုန်တိုင်းမှ တက်ရောက်ခွင့်ရ မော်ကွန်းဝင်ပထမဆင့်များ

ရန်ကုန် မတ် ၂၁

**၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိကြသော ရန်ကုန်တိုင်းမှ မော်ကွန်းဝင်ပထမဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။**

၁။ ဦးရဲဒင် အမှတ်(၃)သပြေလမ်း ဝေဠုဝန်မြောက်ရပ်ကွက် စမ်းချောင်းမြို့နယ်။ ၂။ တပ်ကြပ်ကြီးဇော်ဝင်း အမှတ်(၄၁၈/ခ) ၉/၃ ရပ်ကွက် ရတနာသီရိ၂လမ်း ပန်းခြံ(၂) ရွှေပြည်သာမြို့နယ်။ ၃။ ဦးသာဒင် အမှတ်(၁၈) ၁၃၄လမ်းမအူကုန်း တာမွေမြို့နယ်။ ၄။ ဦးခင်အေး(၁၂/ဘီ) ၁၅၄လမ်း က+ဂရပ်ကွက် တာမွေမြို့နယ်။ ၅။ ဦးအောင်သိန်း အမှတ်(၄၄)စည်ပင်လမ်း ၁၉ ရပ်ကွက် ဒဂုံမြို့သစ်တောင်ပိုင်း။ ၆။ဦးဘထွန်း (ခ)ဦးခင်မောင်ဝင်း အမှတ်(၄၅/က) တကောင်း၂လမ်း ၅ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်။ ၇။ ဗိုလ်ကြီးဗဟိန်း(ငြိမ်း) အမှတ်(၅) ၁၁၈လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်း။ ၈။ ဗိုလ်တင်အောင် အမှတ်(၉၀၀) ၁၅လမ်းနှင့် အောင်မင်္ဂလာထောင့် (၄)မြောက်ရပ်ကွက် သာကေတမြို့နယ်။ ၉။ ဗိုလ်ကြီးမြတ်ထွန်း(ငြိမ်း) အမှတ်(၅၉) ကမာကြည်လမ်း (၂၉) ရပ်ကွက် လုံးချင်းအိမ်ရာ သုဝဏ္ဏမြို့ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်း။ ၁၀။ဒေါ်တင်ရီ အမှတ်(၃၃၁) အပေါ်ဆုံးထပ်(ဝဲ) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့။

**(သတင်းစဉ်)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ရန်ကုန်တိုင်းမှတက်ရောက်ခွင့်ရမော်ကွန်းဝင်ဒုတိယဆင့်များ

ရန်ကုန် မတ် ၂၁

**၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိကြသော ရန်ကုန်တိုင်းမှ မော်ကွန်းဝင်ဒုတိယဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။**

၁။ ဦးလှမြင့် အမှတ်၃၇၄ ကမ်းနားလမ်း သာခုအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်။ ၂။ ဦးခင်မောင် အမှတ် ၅ စလင်းလမ်း မကျည်းမြောက်/အရှေ့ ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်း။ ၃။ ဦးတင်ဝင်း အမှတ်၃၃ ဦးကြွယ်ဟိုးလမ်း မကျည်းတန်းတောင် အနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်။ ၄။ ဦးတင်အောင် အမှတ်၇၄ ရန်ကုန်–အင်းစိန်လမ်း ကမာရွတ်မြို့နယ်။ ၅။ ဦးသိန်းတန် ၄၅ ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။ ၆။ ဒေါ်သန်းသန်းဆင့် အမှတ်၁၉ ငါးလွှာ(အေ) ကျောင်းလမ်း မြေနီမြောက် စမ်းချောင်းမြို့နယ်။ ၇။ဦးမောင်ကြိုင် အမှတ်၂၅၇ ၁၁လမ်း သမိုင်း(၁)ရပ်ကွက် မရမ်းကုန်းမြို့နယ်။ ၈။ ဦးအုံးကြွယ် ၅၄/ ရာဇသင်္ကြန်လမ်း လမုတန်းရပ်ကွက် ဒေါပုံမြို့နယ် ရန်ကုန်တိုင်း။ ၉။ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း) ၃၇ တက္ကသိုလ်ရိပ်သာလမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ရွှေဂုံတိုင်စာတိုက် ဗဟန်းမြို့နယ် ရန်ကုန်။ ၁၀။ စန်းလှိုင်(ပန်းချီ) အမှတ်၅၇ ဘိုကလေးဈေးလမ်း (ပ)ထပ် ဗိုလ်တထောင်မြို့နယ် ရန်ကုန်။ ၁၁။ ဦးလှကျော် တိုက်၆ အခန်း၂၀ လမ်း၅၀ (၅)ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်။ ၁၂။ ဦးဗအုန်း အမှတ်၁၅၀ အထက်မန္တလေးလမ်း ကန်/မြောက်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်။ ၁၃။ ဗိုလ်ကြီးချစ်လှိုင် အမှတ်၁၁၂ စက္ကဝတ်၅လမ်း။ ၁၄။ ဦးလတ်မြင့် အမှတ်၂၃၈ အခန်း၃ တိုက်လေးလုံး (၆)ရပ်ကွက် ရန်ကင်းမြို့နယ်။ ၁၅။ ဦးအောင်ခင် အခန်း၁၃ တိုက်၂၈၃ (၂)ရပ်ကွက် ရန်အောင်လမ်း (အရှေ့)ရန်ကင်းမြို့နယ်။ ၁၆။ ဒေါ်အမာ အမှတ်၂၇ ပြည်တော်သာလမ်း ဘောက်ထော် ရန်ကင်း။ ၁၇။ ဦးမောင်စံ ၂၂၉ ကာယသုခလမ်း (၁၂)ရပ်ကွက် ရန်ကင်းမြို့နယ်။ ၁၈။ ဦးရွှေသင်း(ခ)ဦးဝေဇင် အမှတ် ၆၅၈–က၊ ငုရွှေဝါလမ်း၊ (၉/၃)ရပ်ကွက်၊ ရွှေပြည်သာမြို့။ ၁၉။ ဦးကိုကိုလေး အမှတ် ၁၂၈၊ ကြာဖြူ ၁ လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာ။ ၂၀။ ဦးသာလှ အမှတ် ၁၁၈၊ စစ်မှုထမ်းဟောင်းရုံး၊ (၆)ရပ်ကွက်၊ ရွှေပြည်သာ။ ၂၁။ ဦးမင်းဟန် အမှတ် ၁၀၇–ခ၊ (၅/၇)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ ရွှေပြည်သာမြို့။ ၂၂။ ဦးအောင်ကြွယ် တိုက် ၇၊ အခန်း ၃၀၃၊ ခရေ ၁လမ်း၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်။ ၂၃။ ဦးသိက္ခိတ(ခ)ဦးမျိုးညွန့် (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်။ ၂၄။ ဦးကြည်ဝင်း အမှတ် ၇၉၊ ၁၃ လမ်း၊ လမ်းမတော်။ ၂၅။ ဒေါ်သန်းတင် ကန်သာယာ ၁၂ လမ်း၊ ဓမ္မသုခကျောင်းအနီး တွံတေးမြို့။ ၂၆။ ဗိုလ်လှသွင် အမှတ် ၂၁၊ အောင်သပြေအရှေ့ ၂လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်။ ၂၇။ ရဲမှူးကြီး ဝဏ္ဏကျော်ထင်သိန်းလွန်း(ငြိမ်း) ၁၂၅၈(ခ)၊ နွယ်နီ ၃ လမ်း၊ (၁၀)တောင်ရပ်ကွက်၊ သာကေတမြို့နယ်။ ၂၈။ ဦးဘိုးဆောင်(ခ)ဘအောင် အမှတ် ၃၅၊ ရေတွင်းချောင်း၊ ဦးဖိုးထွန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်။ ၂၉။ ဦးအောင်မျိုး(ငြိမ်း) အမှတ် ၅၇/၁၈၇၆၊ တရုတ်ကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်။

**(သတင်းစဉ်)**

# ပဲခူးတိုင်း အနောက်ပိုင်းတိုင်းခွဲ ထွေ/အုပ်ဦးစီးဌာန လေးလပတ်လုပ်ငန်း ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၂၁**

ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(အနောက်ပိုင်းတိုင်းခွဲ)၏ ၂၀၀၄ခုနှစ်(တတိယ) လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၇ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် တွဲဖက်အုပ်ချုပ်ရေးမှူး ဦးဖေသန့်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)၏ ၂၀၀၄ခုနှစ် (တတိယ) လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်မှာကြားချက်များနှင့် လိုအပ်သည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြောကြားကာ တိုင်းခွဲအတွင်းရှိ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ၂၀၀၄ခုနှစ် (တတိယ) လေးလပတ် အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြဆွေးနွေးမှုအပေါ် တွဲဖက်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး တွဲဖက်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ ၂၀၀၄ခုနှစ်အတွက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အတွင်း လုပ်ငန်းစွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် လက်ပံတန်းမြို့နယ်အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(က–ပ)**

# ပြက္ခဒိန်အကြံပေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၁**

မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဖေညာဏ်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေးအဖွဲ့ဝင် ပညာရှင်များက ၁၃၆၈ ခုနှစ်အတွက် ပြက္ခဒိန်မူချော ကိုလည်းကောင်း၊ ၁၃၆၉ ခုနှစ်အတွက် ပြက္ခဒိန်မူကြမ်းကို လည်းကောင်း တင်သွင်းကြပြီး ၁၃၆၈ ခုနှစ် ပြက္ခဒိန်ကို တညီတညွတ်တည်း အတည်ပြုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်ရန်သဘောတူညီ

**ရန်ကုန် မတ် ၂၂**

မစ္စတာဖရီးဒရစ်ချ်၊ ဟမ်ဘာဂါအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဖရီးဒရစ်ချ်၊ ဟမ်ဘာဂါသည် ၁၉၄၃ ခုနှစ်တွင် မွေးဖွားသူဖြစ်ပြီး ၁၉၆၉ ခုနှစ်တွင် ဗီယင်နာတက္ကသိုလ်မှ ဥပဒေပါရဂူဘွဲ့ကိုလည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် ဗီယင်နာမြို့ သံတမန်အကယ်ဒမီကျောင်းမှ နိုင်ငံတကာရေးရာ ဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုပ်စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ပရီတိုရီးယားမြို့၊ အော်တဝါမြို့၊ လန်ဒန်မြို့များရှိ ဩစတြီးယားသံရုံးများတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်မှစတင်၍ ဥရောပကော်မရှင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သံအမတ်ကြီး ဖရီးဒရစ်ချ်၊ ဟမ်ဘာဂါသည် ဗန်ကောက်မြို့၌ ရုံးစိုက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနား တက်ရောက်ခွင့်ရှိသူများ ဖိတ်စာထုတ်ယူနိုင်

**ရန်ကုန် မတ် ၂၁**

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခွင့် ရရှိကြသော ရန်ကုန်တိုင်းအတွင်းမှ မော်ကွန်းဝင် ပထမဆင့်နှင့် ဒုတိယဆင့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မတ် ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ မော်ကွန်းဝင်တတိယဆင့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မတ် ၂၂ရက်ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိသူများသည် ဖိတ်စာများကို ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် ၂၁၂ ရှိ မြန်မာ့သတင်းစဉ်တွင် မတ် ၂၃ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီအတွင်း မိမိတို့ အမျိုးသားမှတ်ပုံတင်ကတ်ပြားများဖြင့် လာရောက်ထုတ်ယူနိုင်သည်။

**(သတင်းစဉ်)**

# စွယ်တော်ရတနာစေတီ ဓမ္မသဘင်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့ ဗဟန်းပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာ သုံးထပ်တိုက်ကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော စွယ်တော်ရတနာ စေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် အမြတ်ဆုံး ပူဇော်နည်းဖြစ်သည့် ဓမ္မရတနာများဖြင့် ပူဇော်သွားမည်ဖြစ်ရာ မတ် ၂၂ ရက်တွင် မုဒုံမြို့ ဓမ္မဒူတဆရာတော် ဦးကောသလ၊ ၂၃ ရက်တွင် ခင်မကန်ဆရာတော် ဦးသူရိယာဘိဝံသ၊ ၂၄ရက်တွင် တိပိဋကယောဆရာတော် ဦးသိရိန္ဒာဘိဝံသ၊ ၂၅ရက်တွင် ဓမ္မဒူတ ဇေတဝန် ဆရာတော် ဦးဆေကိန္ဒ၊ ၂၆ရက်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာ ဦးကောဝိဒတို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၂-၃-၂၀၀၅(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၀ | ၆။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၁၀ | ၇။ | ပုလင်းရေလှောင်တမံ |
| ၈:၂၀ | ၈။ | နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ခုနှစ်) |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၁၇:၁၀ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇:၂၀ | ၇။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇:၃၅ | ၈။ | နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇:၄၅ | ၉။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၁၅ | ၁၀။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း–၇၈) |
| ၁၈:၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၃။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၁၉:၂၀ | ၁၄။ | သားငါးဖွံ့ဖြိုး ပြည့်အကျိုး |
| ၁၉:၃၅ | ၁၅။ | အမျိုးသားညီလာခံဂုဏ်ပြုတေး |
| ၁၉:၄၅ | ၁၆။ | ပြည်သူ့အတွက် တပ်မတော် **"လျှပ်စစ်စွမ်းအား၊ ဟိုတယ်ခရီး၊ ပို့ဆောင်ရေး၊ မီးရထား"** |
| ၂၀:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း–၂) |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်း ပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ၂၆-၃-၂၀၀၅ရက်မှ ၄-၄-၂၀၀၅ ရက်ထိ အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ**

**တပ်မတော်စစ်သမိုင်းပြတိုက်**

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

**(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)**

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် လစ်လပ်နေရာများ ရွေးချယ်

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၂၁

**ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိရီမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ မဟာဝိဇယစေတီတော်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး မဟာဝိဇယစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှု ဘက်စုံစည်ပင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို တင်ပြလျှောက်ထားသည်။**

## ဩဝါဒါစရိယဆရာတော်များ

ရှေးဦးစွာ ယနေ့ ကျင်းပသည့် ပဌမ အကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး ဒုတိယနေ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖြစ် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်တော်မူကြသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသောဘန၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ၊ မွန်ပြည်နယ် မုဒုံမြို့နယ် တိုက်ကျောင်းသစ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တပါလိတ၊ မန္တလေးတိုင်း မြင်းခြံမြို့နယ် သာသနဇောတိကာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလတို့အား တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ တနင်္သာရီတိုင်း ထားဝယ်မြို့ ယောသိတာရာမတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဩဘာသာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို လျှောက်ထားကာ အစည်းအဝေးအထမြောက်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ထို့နောက် မဟာဝိဇယစေတီတော်တည်ဆောက်ရေး ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မဟာဝိဇယစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှု ဘက်စုံစည်ပင်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တင်ပြလျှောက်ထားသည်။

## အစီရင်ခံစာဆွေးနွေး

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ ကဏ္ဍနှင့်စပ်လျဉ်း၍ မကွေးတိုင်း ပွင့်ဖြူမြို့နယ် ရွှေစေတီကျောင်းတိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ၊ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းကုန်းမဟာစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မပါလာဘိဝံသနှင့် ရန်ကုန်တိုင်း သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ထန်းပင်ကျောင်းတိုက်မှ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ဝေဠုဝန်တိုက်မမှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာရိန္ဒနှင့် ကချင်ပြည်နယ် မိုးကောင်းမြို့ အောင်မင်္ဂလာစာသင်တိုက်မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ပဲခူးတိုင်း ညောင်လေးပင်မြို့ ဒက္ခိဏာရာမအာသောကာရုံတောင်ကျောင်းတိုက်မှ ဘဒ္ဒန္တဣန္ဒကနှင့် မွန်ပြည်နယ် မုဒုံမြို့ ကျောင်းသစ် ပရိယတ္တိစာသင်တိုက်မှ သိရီပဝရ ဓမ္မာစရိယ ပိဋကတ္တယပါရဂူ သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယဘဒ္ဒန္တဝဏ္ဏိတတို့ကလည်းကောင်း ဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် လစ်လပ်နေရာများ ရွေးချယ်ရေး အခမ်းအနား အစီအစဉ်ကို ဆက်လက်ကျင်းပရန် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်ကြီးများအား သတ်မှတ်နေရာသို့ ပင့်ဆောင်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဆင့်ဆင့် လစ်လပ်သောနေရာများ အစားထိုး ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘနက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးတိုင်း မြင်းခြံမြို့နယ် သာသနဇောတိကာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

## ဩဝါဒကထာမြွက်ကြား

ရှေးဦးစွာ သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အဆင့်ဆင့်လစ်လပ်သောနေရာများ အစားထိုး ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘနက ဩဝါဒကထာ မြွက်ကြားသည်။

## ဥက္ကဋ္ဌဆရာတော်ရွေးချယ်

ဆက်လက်၍ လစ်လပ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ဥက္ကဋ္ဌ ဆရာတော်ဘွဲ့အမည်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသက တင်သွင်းတော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တော်မူကြသည်။

## အတည်ပြုကြေညာ

ထို့နောက် သဘာပတိ ဆရာတော်က နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ ဥက္ကဋ္ဌနေရာအတွက် မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်မှ လက်ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် သက်တော်(၈၂)နှစ်၊ သိက္ခာတော် (၆၃) ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးအား ယခု အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ဆန္ဒနှင့်အညီ သံဃာ့ဝန်ဆောင်အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၁၉)အရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့တို့၏ ဥက္ကဋ္ဌ ဆရာတော်ကြီးအဖြစ် အတည်ပြုကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့နှင့် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အကျိုးတော်ဆောင် ဆရာတော်အဖြစ် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက် ဦးစီးပဓာန နာယကလက်ရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါရှိ ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ၏ ဘွဲ့အမည်စာရင်းကိုတင်သွင်းတော်မူပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဆန္ဒကို ရယူ၍ အတည်ပြုကြောင်း သဘာပတိ ဆရာတော်က ကြေညာလျှောက်ထားတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရက ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဖြစ် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက် ဦးစီးပဓာနနာယက လက်ရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါရှိ ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ၏ ဘွဲ့အမည်စာရင်းကို တင်သွင်းတော်မူပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဆန္ဒကိုရယူ၍ အတည်ပြု ကြောင်း သဘာပတိဆရာတော်က ကြေညာလျှောက်ထားတော်မူကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး တတိယနေ့ အစည်းအဝေးကို မတ် ၂၂ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ဆွမ်းဆက်ကပ်

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များ လှူဒါန်းလျက်ရှိရာ ယနေ့တွင် တောင်ဥက္ကလာပမြို့နယ် ငွေကြာယံ (၃) ရပ်ကွက် ၄ လမ်း အမှတ်(၄၈)နေ ဦးအောင်ဒင်မိသားစုက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

---

## မသန့်ရှင်းသောရေကြောင့်ဖြစ်ရသောရောဂါများ

## ကာကွယ်ရေးနှိုးဆော်ချက်

၁။ ပြည်သူလူထုအတွင်း၊ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်။
- ကာလဝမ်းရောဂါ
- အသည်းရောင်အသားဝါရောဂါ
- အူရောင်ငန်းဖျားရောဂါ
- ပိုလီယိုအကြောသေရောဂါ
- ဝမ်းကိုက်ရောဂါ
- သန်ကောင်ရောဂါ
- အရေပြားရောဂါ

၂။ အောက်ပါအပြုအမူတို့ကြောင့် သောက်သုံးရေကိုညစ်ညမ်းစေပါသည်။
- အမှိုက်သရိုက်၊ မစင်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်း
- ရေပိုက်ပေါက်များဖြင့် ရေသွယ်ယူခြင်း
- ရေတွင်း၊ ရေကန်များအနီးတွင် အဝတ်လျှော်ခြင်း
- ရေခပ်ပုံး၊ အိုး၊ ကြိုးနှင့် ဘုံဘိုင်ခေါင်းများအား စနစ်တကျကိုင်တွယ်သိမ်းဆည်းမှုမရှိခြင်း
- သောက်ရေအိုး၊ ရေစစ်၊ရေခွက်၊ အဖုံးစသည်တို့ကို စနစ်တကျ သန့်ရှင်းစွာ မထားရှိခြင်း
- သောက်သုံးရေကိုင်တွယ်သုံးစွဲသူ တစ်ကိုယ်ရေသန့်ရှင်းမှု ညံ့ဖျင်းခြင်း၊ ထို့အပြင် မိုးရာသီကာလတွင် ရေကြီးရေလျှံခြင်းများကြောင့် သောက်သုံး ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေများစီးဝင်ပြီး ရောဂါဖြစ်ပွားစေနိုင်ပါသည်။

၃။ သို့ပါ၍ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားသည့်ရောဂါများမှ ကာကွယ်ရန် ပြည်သူလူထုအားလုံးသည် အောက်ပါတို့ကို လိုက်နာ ကျင့်သုံးကြပါရန် နှိုးဆော်အပ်ပါသည်။

**လိုက်နာရမည့်အချက်များ –**

**(၁) တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ခြင်း**
**(အထူးသဖြင့် အိမ်သာမှအဆင်းနှင့် အစားအသောက်များ မကိုင်တွယ်မီ လက်နှစ်ဖက်ကို စင်ကြယ်စွာဆေးကြောခြင်း)**
**(၂) ရေစစ်အိုးဖြင့် စစ်ယူခြင်း**
**(၃) ကျောက်ချဉ်အသုံးပြုခြင်း**
**(၄) ရေကို ကျိုချက်သောက်ခြင်း**

**ကျန်းမာရေးဝန်ကြီးဌာန။**

---

## ကလောဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာ

## တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၂၁**

ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ (၁၈)ကြိမ်မြောက် တရားစခန်းကို ဧပြီ ၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ တရားများကိုခံယူလျက် ရန်ကုန်မဟာစည်ရိပ်သာကြီးမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်သည့် ဆရာတော်ဦးကုဝေရသာရနှင့် ဆရာတော်ဦးသောဘနတို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၇ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ဖျော်ရည်နှင့် ဆေးဝါးများ လှူဒါန်းလိုသောအလှူရှင်များသည် ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာ အမှတ်(၃)ရပ်ကွက် ကလောမြို့ ဖုန်း–၀၈၁–၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် အမှတ်(၅)ရပ်ကွက် ကလောမြို့၊ ဒေါ်သန်းသန်းဦး ရွှေလီစတိုး အမှတ်(၄) ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း အမှတ်(၃) ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမ ဒေါ်တင်တင်နွယ် အမှတ်(၁)ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘုန်းမီးနေလမြကျောက်တရားစခန်း

၂၅-၃-၂၀၀၅ ရက်မှ ၂၈-၃-၂၀၀၅ရက်အထိ ငါးရက်တရားစခန်းကို မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ(မြကျောက်)က အတုလမဟာမြကျောက်စေတီတော်သာသနာ မန္တလေးတွင် မေတ္တာဘာဝနာအလုပ်ပေး တရားစခန်းဖွင့်လှစ်ပါမည်။ နေရာထိုင်ခင်းအရ လူဦးရေကန့်သတ်ထားပါသဖြင့် အောက်ပါဌာနတွင် တင်ကြိုစာရင်းပေးပါရန်နှင့် အသေးစိတ်သိလိုသည့် အချက်များအား စုံစမ်းမေးမြန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးအပ်ပါသည်။

**တရားစခန်းနှင့် စုံစမ်းမေးမြန်းရန်ဌာန** – အတုလမဟာမြကျောက်စေတီတော် သာသနာ ရန်ကင်းတောင်ခြေ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၂–၈၈၇၃၂၊ ၅၇၀၁၀

**အကျိုးဆောင်အဖွဲ့**
**အတုလမဟာမြကျောက်စေတီတော်သာသနာ။**

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

မိသားစုအပေါ် စေတနာ၊ မေတ္တာတရားကြီးမားလှပါသော ကျေးဇူးရှင် ချစ်ဖေဖေ ဦးအောင်ခင်၏ ၂၂–၃–၂၀၀၅ရက်တွင်ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစွာဖြင့် ချစ်သော မိသားစုနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်.....

**ချစ်ဇနီး – ဒေါ်ယဉ်ယဉ်ညွန့်၊**
**ချစ်သား၊ သမီးများနှင့် ချစ်မြေးများ။**






## ဖျာပုံအသင်း ဂုဏပူဇာသဘင်ကျင်းပမည်

**ရန်ကုန် မတ် ၂၁**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းရာတွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဖျာပုံမြို့နယ် သမိန်ထော သိမ်ကုန်းကျေးရွာ သဒ္ဓါမိက မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (ဓမ္မာစရိယ)နှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသော ဖျာပုံမြို့ ကံဦး ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ (ဓမ္မာစရိယ)တို့အား ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ မတ် ၂၇ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ဖျာပုံမြို့နယ်အသင်းတိုက် အမှတ် ၃၀ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်၌ ဂုဏပူဇာသဘင်ဖြင့် ပူဇော်မည်ဖြစ်သည်။ ဖျာပုံမိသားစုဝင်များ တက်ရောက်ကြည်ညိုပူဇော်ကြရန်နှင့်ကြိုတင်ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း–၂၉၁၀၈၃သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

## ထေရဝါဒဓမ္မပူဇာ သီတဂူအထူးတရားပွဲ

**ရန်ကုန် မတ် ၂၁**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ထေရဝါဒဓမ္မပူဇာ သီတဂူအထူးတရားပွဲကို မတ် ၂၇ရက်မှ ၃၁ရက်အထိ ငါးညတိုင်တိုင် ညစဉ် ၇နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဓမ္မပူဇာသဘင်တွင် မတ် ၂၇ရက်ည၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာနဌာနမှူး ဆရာတော် ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ (Ph.D) ကလည်းကောင်း၊ ၂၈ရက် ညတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြာတစ်ပွင့် အရှင် ခေမာသိရီလင်္ကာရကလည်းကောင်း၊ ၂၉ရက်ညတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)ကလည်းကောင်း၊ ၃၀ရက်ညတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်ကုမာရာဘိဝံသ (D.Litt)ကလည်းကောင်း၊ ၃၁ရက်ညတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ(Ph.D)ကလည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး မည်သူမဆို လာရောက်နာယူ ပူဇော်နိုင်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၈၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## Job Vacancy

**(For Local Service Only)**

Highly Qualified and well Experience Candidates are Required for the following Positions.

**1. Chief Executive Officer (Male) (1 Post)**
- Over 10 Years Management Experience
- Skillfully in English
- Ability with Government Relationship
- Within 50-62 Years Old
- Preferencefor Golfer

**2. General Manager(Engineering) (Male) (1 Post)**
- Over 10 Years Management Experience
- Skillfully in English
- Over 5 Years Experience in Telecommunication
- B.E(Electronic)Preferred /Fair in Computer Operation
- Within 40-50 Years Old
- Foreign Experience

**3. အဆင့်မြင့်လုံခြုံရေးဝန်ထမ်း(ကျား)**
– ပညာအရည်အချင်း အထက်တန်းအဆင့်
– ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
– လုံခြုံရေးသင်တန်းတက်ရောက်နိုင်ရမည်။
– လုံခြုံရေးအတွေ့အကြုံရှိသူများအတွက် ပညာအရည်အချင်းကိုလျှော့ပေါ့စဉ်းစားမည်။
– အမြဲလိုအပ်နေသဖြင့် အချိန်မရွေး လျှောက်ထားနိုင်သည်။

Interested Person, Please Submit Your Restume together with CV, Copies of Certificates, two recent Photos and Labour Registration Card to the following address not later than 31st, March 2005.

**FISCA Enterprises** No. 1-B 101, FISCA Building, 9 Mile, Pyay Road, Mayangone Tsp, Yangon. Phone-653456, Fax:653457, E-mail; Techsev @ fisca. com.mm.

## အမည်ပြောင်း

ဘားအံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း(A)မှ အဖဦးအောင်ဝင်းသန်း၏သား မောင်မျိုးထက်အောင်အား မောင်မျိုးမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။



## မီးဘေးအန္တရာယ်
## အစဉ်သတိပြုကြကွယ်

## ဖျာပုံမြို့ ထန်းပင်ကျောင်း မဏိရတနာ စာသင်ကျောင်းဆောင်အမှတ်(၂) အဆောက်အအုံဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ဖျာပုံ မတ် ၂

**ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်ကျောင်းအတွင်း အသစ်တည်ဆောက်မည့် မဏိရတနာစာသင်ကျောင်းဆောင် အမှတ်(၂)အဆောက်အအုံဆောက်လုပ်ရန်အတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက်က မဏိရတနာ စာသင်ဆောင်အမှတ်(၁)တွင် ကျင်းပသည်။**

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လနှင့် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) တို့က ငွေကျပ်သိန်း ၂၀စီ၊ မိခင် ဒေါ်ခင်သက်အမှူးထား၍ ဦးမောင်မောင်-ဒေါ်အေးအေးသက် ရန်ကုန်က ငွေကျပ်သိန်း ၃၀ **(ဝဲပုံ)**၊ ဒေါ်ကျင်မေ (တူမ ဒေါ်အမာကြည်)၊ ဒေါ်မြင့်မြင့်ရီ၊မြေး မသင်းသင်းအေး၊ ဦးလှသိန်း-ဒေါ်သင်းသင်းမိုး၊သမီး မသီရိအောင် ဖျာပုံတို့က ငွေကျပ် ၁၀ သိန်းစီ၊ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက ငွေကျပ် နှစ်သိန်းငါးသောင်း၊ အရှင်ဆေကိန္ဒ(ဓမ္မဒူတ)က ငွေ ကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် တာဝန်ရှိသူများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**လှူဒါန်းနိုင်**

မဏိရတနာ စာသင်ဆောင် အမှတ်(၂)အတွက် အလှူ ရှင်၁၇၀ တို့က လှူဒါန်းငွေစုစုပေါင်း ကျပ် ၃၁၂၂၀၀၀၀ ရရှိထားပြီး ဆက်သွယ်လှူဒါန်းလိုသူများ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဒွိပိဋကစာသင်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ပျော်ဘွယ် မတ် ၇**

ပျော်ဘွယ်မြို့နယ် လျှော်ဖြူကုန်း(အနောက်)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဒွိပိဋကစာသင် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ပညာအလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကိုဖေဖော်ဝါရီ၂၇ရက်နံနက်၉နာရီက အဆိုပါ ကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဒွိပိဋကစာသင်ကျောင်းဆောင်သစ်နှင့် ပညာအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဒွိပိဋကဘွဲ့ရ လျှော်ဖြူကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒလင်္ကာရာဘိဝံသက ဩဝါဒစကားမြွက်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးညီလေးနှင့် အလှူရှင် ဦးမင်းဇော်တို့က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

**ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ငါးဗျက်အင်း-အင်းနက်လမ်း ဂဝံလမ်းဖွင့်ပွဲနှင့် အင်းနက်ကျေးရွာ လက်နှိပ်တုံကင်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အင်းနက်ကျေးရွာ မင်္ဂလာမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဝမ်း၊ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် ကျေးရွာဥက္ကဋ္ဌဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

**ဖေဖော်ဝါရီ ၁၁ ရက်က ကော့မှူးမြို့နယ် ကျေးလက်ရေရရှိရေးအတွက် တပ်ဆင်ပေးထားသော လက်နှိပ်တုံကင်များကြံ့ခိုင်မှုကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးဌေးလှိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးပြောင်းလဲစိုက်ပျိုးရေး သန်လျင်မြို့နယ်တွင် ရှင်းလင်းဆွေးနွေး

**သန်လျင် မတ် ၁၃**

ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့နယ် ခရမ်းရေထိန်းတံခါး အကျိုးပြုဧရိယာအတွင်းရှိ ပုဂံတောင်၊ ကဒပ်ဖျာ၊ သပြေကုန်းကျေးရွာတို့မှ တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးပြောင်းလဲစိုက်ပျိုးရေး၊ အမယ်သစ်(အမည်သစ်)သီးနှံစိုက်ပျိုးရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၉ရက်က ခရမ်းချောင်းတံတား ယာယီရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်ကျော်က စိုက်ပျိုးရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းပြသ**

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သက်ဦးက စိုက်ပျိုးမြေဧရိယာ သတ်မှတ်ထားရှိမှုကို မြေပုံကားချပ်များနှင့် ကွင်းဆင်း၍ ရှင်းလင်းပြသကြောင်းသိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

**မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရေပုပ်ကျေးရွာ ဦးဌေးအောင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ထာဝရသွေးလှူရှင် စာရင်းပေးအပ်ပွဲ ကျင်းပ

မကွေး မတ် ၁၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မကွေးတိုင်းမှ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ထာဝရသွေးလှူရှင်စာရင်းပေးအပ်ပွဲ အခမ်းအနားကိုမတ် ၁၅ရက် နံနက် ၈နာရီခွဲက မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီး ဇော်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ သွေးလှူဒါန်းခဲ့သည့် အင်အား ၃၃၈ဦးနှင့် ထာဝရသွေးလှူရှင် ၃၄၈၇ ဦး ရှိကြောင်း ကြေညာပြီး မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်မှ ထာဝရသွေးလှူရှင် စာရင်းကို မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ပေးအပ်ရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လှမြင့်က လက်ခံရယူသည်။

၎င်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ သွေးလှူဒါန်းခဲ့ကြ သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မင်းပြားမြို့နယ်အသင်း(ရန်ကုန်)
## ဂုဏ်ပူဇော်ပွဲနှင့် သင်းလုံးကျွတ်စည်းဝေးပွဲ ဖိတ်ကြားစာ

၂၀၀၅ ခုနှစ် ဘွဲ့ခံဆရာတော်များဖြစ်ကြသော အိန္ဒိယ၊ ကုသိနာရုံ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရ၊ မင်းပြားမြို့ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒနှင့် ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ပညာဝံသ ဆရာတော်များအား ပူဇော်ပွဲ၊ သင်းလုံးကျွတ်စည်းဝေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများကို မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်၊ ဗဟန်းမြို့နယ်၌ ၂၆-၃-၂၀၀၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင်ကျင်းပပါမည်။ အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ၊ အလှူရှင်များကြွရောက်ပူဇော်ပါရန် ဖိတ်ကြားအပ်ပါသည်။

အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များနှင့်(၂၀၀၃-၂၀၀၄)ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ စာရင်းပေးပို့ကြပါရန်။ ဖုန်း-၅၇၁၇၁၀။

**အမှုဆောင်အဖွဲ့။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၁ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၉၉၇)နေ ဦးနေဝင်း(ကန်ထရိုက်တာ)-ဒေါ်အေးသန်း(ခ) ဒေါ်စမ်းစမ်းအေးတို့၏ သားကြီး

**မောင်ဇေယျာဝင်း** (2nd Year History)

နှင့်

မကွေးတိုင်း၊ သရက်မြို့၊ ရေးမှတ်တိုင်လမ်း၊ ရုံးရပ်ကွက်နေ ဦးမြင့်တင်(သရက်မြို့နယ်ဥပဒေအရာရှိ)-ဒေါ်နန်းလီလီမြင့်တို့၏ တစ်ဦးတည်းသောသမီး

**မမျိုးပပလင်း** A.G.T.I (OMT) 3rd Year History

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် ၇-၃-၂၀၀၅ ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇေယျာဝင်း-မမျိုးပပလင်း။**


## ရောင်းမည်

ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး၊ **ယုဇနကွန်ဒိုတာဝါ** ရှိ အဆင့်မြင့်ပြင်ဆင်ပြီး၊ တစ်ခန်းလျှင် Air Con:(၆)လုံးနှင့် တယ်လီဖုန်းအပါအဝင် ရေမီးအပြည့်အစုံဖြင့် ၁၈၀၀ စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၁၁၀၁) နှင့် ၂၁၀၀ စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၁၁၀၈/ခ)တို့ကို ရောင်းမည်။ ဓာတ်လှေကားရှိသည်။ ကိုယ်ပိုင်မီးစက်ဖြင့် (၂၄)နာရီ မီးအသုံးပြုနိုင်သည်။

**ဆက်သွယ်စုံစမ်းရန်-အခန်းအမှတ်-၁၁၀၃၊ယုဇနကွန်ဒိုတာဝါ၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၅၈၃၅၉၊ ၅၅၉၁၀၇၊ ၅၅၉၀၈၉။**

## လေလံကြော်ငြာ

မင်္ဂလာဒုံ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် အောက်ပါ အခွင့်အရေး လိုင်စင်များကို ၂၀၀၅ခု မတ်လ ၂၈ ရက် (တနင်္လာနေ့) နံနက်၀၉း၀၀နာရီ အချိန်တွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ မည်သူမဆို ဆွဲဝယ်နိုင်ပါကြောင်း။

(၁) အမဲသား ရောင်းချခွင့် လိုင်စင်
(၂) ဆိတ်သား ရောင်းချခွင့် လိုင်စင်
(၃) ကြက်/ဘဲ လိုင်စင်များ
(၄) စက္ကူဟောင်း၊ ပုလင်းခွံ/ဘူးခွံနှင့် ဂုန်နီအိတ် စသည်များ သိမ်းဆည်းခြင်းလုပ်ငန်း
(၅) အိမ်သာ လိုင်စင်များ
(၆) အပေါင်ဆိုင် လိုင်စင်များ

အသေးစိတ် သိလိုပါက မင်္ဂလာဒုံ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မင်္ဂလာဒုံ။**



## တံတားဦးမြို့ရေပေးရေးလုပ်ငန်းနှင့် ကျေးလက်အိမ်ရာဆောက်လုပ်မှု နယ်စပ်စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

တံတားဦး မတ် ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့လိုက်ပါလျက် မတ် ၁၁ရက်က တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ရှင်းလင်းတင်ပြသည်။**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တံတားဦးမြို့ မြို့ရေပေးရေးလုပ်ငန်း ပထမအဆင့် ရေဂါလန် ၆၀၀၀ဆံ့ အုတ်ရေကန် တည်ဆောက်မှုအခြေအနေ၊ ရေဂါလန် ၂၀၀၀ဆံ့ အများသုံး ရေကန် နှစ်ကန်နှင့် မီးသတ်ရေတိုင် တည်ဆောက်ပြီးစီးမှု၊ ရေပို့ပိုက်လိုင်းများ သွယ်တန်းဆောင်ရွက်မှုအခြေအနေ၊ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### ကျေးလက်အိမ်ရာ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် လက်ကောင်း ကျေးရွာသို့ ရောက်ရှိပြီး ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**(နယ်စပ်/စည်ပင်)**

## မော်ကျွန်းတွင် ကျေးလက်ကျောက်ချောလမ်းဖွင့်

**မော်လမြိုင်ကျွန်း မတ် ၁၅**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သော ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု ကျည်းချောင်း-ကျုံလတာလမ်း ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ်၁၃ရက်က အဆိုပါ မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်ခိုင်က အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်က ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ချောလမ်းသစ်ကို မြို့နယ်အတွင်းရေးမှူး ဦးမြင့်ခိုင်၊ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကျောက်ချောလမ်းသစ်မှာ အလျားပေ ၃၄၄၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၄၂၄၉၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

**မတ် ၅ရက်က ရေးမြို့နယ် ဟံဂံကျေးရွာတွင် ကျေးလက်နေ ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ရရှိရေး အတွက် လေးလက်မ အရွယ် စက်ရေတွင်း တူးဖော်မှုအခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့က စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းထွန်းနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## သုံးခွမြို့နယ် ဝင်းကြီးကျေးရွာ စာပေဥယျာဉ် စာကြည့်တိုက်ဖွင့်လှစ် အလှူရှင်များက စာအုပ်မျိုးစုံနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်း

သုံးခွ မတ် ၁၆

**ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပန်နန်းခလဲကျေးရွာအုပ်စု ဝင်းကြီးကျေးရွာ စာပေဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမျိုးအောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်(၂)ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်ကြင်က စာအုပ်မျိုးစုံ ၆၇အုပ်၊ ရန်ကုန်မြို့မှ ဦးနိုင်ဝင်း၊ ဒေါ်ထွေးထွေးတို့ကဂျာနယ်၂၂၅စောင်၊ သုံးခွမြို့ အမှတ်(၆)ရပ်ကွက်မှ ဦးမြင့်ဇော်နှင့် ဇနီးမိသားစုတို့က စာအုပ်မျိုးစုံ ၁၃၁အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ညောင်ဦးမြို့နယ် သီရိပစ္စယာ အမှတ်(၄)နှင့် အမှတ်(၅)လမ်း အကျယ် ၁၄ ပေ၊ အရှည် ပေ ၁၇၀၀ကိုကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) မြို့ပြတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။** (၃၀၀)

# အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အရေးကြီးသောအကြံပြုချက်များပါရှိသည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ များ၏အကြံပြုစာတမ်းများ စုံညီအစည်းအဝေး၌ စတင်ဖတ်ကြား

ရန်ကုန် မတ် ၂၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ကြိုဆို

# တီးတိန်မြို့နယ် တီးတိန်–ရိဒ်ရေကန်လမ်းပေါ်ရှိ မံဆောင်းဘေလီကြိုးတံတားဖွင့်လှစ် တံတားအရှည်ပေ ၄၆၀ရှိပြီး မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထား

ရန်ကုန် မတ် ၂၁

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်–ရိဒ်ရေကန်လမ်းပေါ်ရှိ မံဆောင်းဘေလီကြိုးတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး မံဆောင်းတံတား၏ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

မံဆောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၆၀၀ ကျော် တက်ရောက်ကြသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ✻

**မြန်မာ့အလင်း**

**နှစ် (၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို**


❐ ဒို့တိုင်း ဒို့ပြည် ကာကွယ်မည်

စိုးမိုး(ပုသိမ်)၏ ကဗျာ ( စာ–၁၁ )

❐ ယနေ့ ကာလတွင် ပြည်တွင်းပြည်ပ ရန်စွယ်မှန်သမျှ တွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် တပ်မတော်အင်အားရှိရန်လိုအပ်။

ကြယ်ဖြူ၏ဆောင်းပါး ( စာ–၈၉ )




**မံဆောင်း ဘေလီ ကြိုးတံတား**

ချင်းပြည်နယ် တီးတိန် မြို့နယ် တီးတိန်–ရိဒ် ရေကန် လမ်း ပေါ် ရှိ မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော အရှည် ပေ ၄၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစား မံဆောင်းဘေလီကြိုးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

22-3 (20).p65 1 3/24/05, 3:08 PM